ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ အင်္ဂါနေ့၊ (17-8-2004) (၄၃၂၈)

ကာလေန ဓမ္မဿဝနံ
တေံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော
မင်္ဂလာ မည်၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန်　　ဩဂုတ်　　၁၇

၂၀၀၄ခုနှစ် ဩဂုတ် ၁၇ရက်၌ ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မဒမ် မယ်ဂါဝတီဆိုကာနိုပူထရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန်　　ဩဂုတ်　　၁၇

၂၀၀၄ခုနှစ် ဩဂုတ် ၁၇ရက်၌ ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယ သမ္မတ ဒေါက်တာ ဟမ်ဇာဟဇ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အင်ဒိုနီးရှားလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန်　　ဩဂုတ်　　၁၇

၂၀၀၄ခုနှစ် ဩဂုတ် ၁၇ရက်၌ ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မဒမ် မယ်ဂါဝတီ ဆိုကာနိုပူထရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး Mr. Yaacov Avrahamy အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဒါသီရိဗိမာန်ခန်းမတွင် လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆောင်းပါးအညွန်း

ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့မှာတော့ ကမ္ဘာ့ရေနံစိမ်းဟာ ကုန်ခန်းသွားမှာ မလွဲဧကန်ဖြစ်ပါတယ်။ အဲဒါအပြင် ကမ္ဘာ့ရေနံစိမ်း ထုတ်လုပ်မှုမှာ အဓိက ကဏ္ဍက ပါဝင်နေတဲ့ အရှေ့အလယ်ပိုင်းရဲ့ နိုင်ငံရေး အခြေအနေ မတည်ငြိမ်မှုကလည်း ရေနံစိမ်း ပုံမှန်ရရှိရေးအတွက် စိတ်ချရမယ့် အခြေအနေမှာ မရှိတာကတော့ အမှန်ပါ။

မောင်ဖြူ(စွမ်းအင်)၏
"ရေနံအစားထိုးလောင်စာနှင့် အနာဂတ်အလားအလာ"
ဆောင်းပါး (စာ–၃)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အစ္စရေးနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန်　　ဩဂုတ်　　၁၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး Mr. Yaacov Avrahamy အား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဒါသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၇-၈-၂၀၀၄
(အင်္ဂါနေ့)

ဒေသဝမ်းစာဖူလုံရေး စနစ်တကျဆောင်ရွက် ဆီထွက်သီးနှံစိုက်ပျိုးရေး အရှိန်အဟုန်မြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ စီးပွားရေးတောင့်တင်းခိုင်မာပြီး ပြည်သူများ စားဝတ်နေရေး ဖူလုံပြည့်စုံလျက် လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာရေး အတွက် ပြည်သူများ၏ အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေး တောင့်တင်းခိုင်မာရေးတွင် စိုက်ပျိုးရေး ကဏ္ဍ လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်လျက် ပြည်ပဝင်ငွေ ရှာဖွေရေးသည် အရေးပါသည့်ကဏ္ဍက ပါဝင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ရေ၊ မြေသဘာဝနှင့်ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်း သည့်အပြင် ပြည်ပဈေးကွက်ရှိသော အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးနိုင်ရေး အလေးထား အားပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ဩဂုတ်လ ၁၄ ရက်နေ့က မကွေးတိုင်း တောင်တွင်းကြီး မြို့သို့ သွားရောက်ပြီး ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တောင်တွင်းကြီးမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ ရာတွင် **တောင်တွင်းကြီးမြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူလယ်သမားကြီးများကလည်း နိုင်ငံတော်အစိုးရက ဖန်တီး ဖော်ဆောင်ပေးထားသည့် အကျိုးရလဒ်ကောင်းများ၊ အခွင့်အလမ်း ကောင်းများကို ထိရောက်အကျိုးရှိစွာ အသုံးချပြီး မိမိတို့ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းသည်ထက် တိုးတက် အောင်မြင်ဖြစ်ထွန်းစေရအောင် ဝီရိယစိုက်ထုတ် ကြိုးစားဆောင်ရွက် ကြစေလိုကြောင်း** မှာကြားသွားသည်။

နိုင်ငံတော်အစိုးရက မကွေးတိုင်းကိုဆီအိုးကြီးဖြစ်စေရမည်ဟူသည့် ရည်မှန်းချက်နှင့်အညီ ပြည်တွင်းဆီစားသုံးမှု၏ ၅၀ ရာခိုင်နှုန်းကို မကွေးတိုင်းက ဖြည့်ဆည်းပေးနိုင်ရေးအတွက် လိုအပ်ချက်များကို အားပေးကူညီလျက်ရှိသည်။

ပြည်တွင်းစားသုံးဆီ ဖူလုံသည်နှင့်အမျှ ပြည်ပမှ စားသုံးဆီ ဝယ်ယူတင်သွင်းနေရမှုကို လျှော့ချနိုင်ကာ ပိုလျှံလာသော နိုင်ငံခြား ငွေကြေးဖြင့်နိုင်ငံတော်ဖွံ့ဖြိုးရေး အထောက်အကူပြုပစ္စည်းကိရိယာများကို ပိုမိုတင်သွင်းအသုံးပြုလာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ သဘာဝရာသီဥတုကောင်းမွန်သည့် စိုက်ပျိုးရေးနိုင်ငံ ဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်မြင့်မားလာရေးအတွက် အားသွန်ခွန်စိုက် လုပ်ကိုင်ကြရမည် ဖြစ်သည်။ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံပြီး ပြည်ပဝင်ငွေ တိုးတက် ရရှိနိုင်သည့် ဈေးကွက်ဝင်သီးနှံများကို တိုးချဲ့စိုက်ပျိုးကြရန်လိုအပ်သည်။

တောင်တွင်းကြီးမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းပြီး စီးပွားရေး အသင့်အတင့်ကောင်းမွန်သည့် မြို့နယ်ဖြစ်သည်။ နိုင်ငံတော်က မကွေးတိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်း တာတမံပေါင်း မြောက်မြားစွာကို တည်ဆောက်ပေးထားရာ တောင်တွင်းကြီးမြို့နယ်အတွင်း၌ ဆည်မြောင်းတာတမံ ခြောက်ခုမှ ဆည်ရေဖြင့် သီးထပ်သီးညှပ် စိုက်ပျိုးနိုင်သည့် အခွင့်အလမ်းများ ဖြစ်ထွန်းလျက်ရှိသည်။

သို့ဖြစ်ရာ တောင်တွင်းကြီးမြို့နယ်အပါအဝင် မကွေးတိုင်းအတွင်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူ လယ်သမားကြီးများအနေဖြင့် နိုင်ငံတော်အစိုးရက ဖန်တီးဖော်ဆောင်ပေးထားသည့် အကျိုးရလဒ် ကောင်းများ၊ အခွင့်အလမ်းကောင်းများကို ထိရောက်စွာအသုံးချပြီး ဒေသဝမ်းစာ ဖူလုံပြည့်စုံရေးအတွက် ဆီထွက်သီးနှံ အပါအဝင် ဈေးကွက်ဝင်သီးနှံများကို အရှိန်အဟုန်မြှင့်တင် တိုးချဲ့စိုက်ပျိုးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ရန်ကုန်မိုးရေချိန်

(၁၆-၈-၂၀၀၄)

ကမ္ဘာအေး	- ၂ ဒသမ ၀၅ လက်မ
မင်္ဂလာဒုံ	- ၁ ဒသမ ၈၁ လက်မ
ရန်ကုန်မြို့လယ်	- ၁ ဒသမ ၆၁ လက်မ

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ဂျပန်သံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yuji Miyamoto **သည် ယနေ့မွန်းတည့် ၁၂နာရီတွင် ဝန်ကြီးများရုံးရှိ ဝန်ကြီး၏ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးဝင်းအောင် အင်ဒိုနီးရှားလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၁၇

၂၀၀၄ခုနှစ် ဩဂုတ် ၁၇ရက်၌ ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အင်န်ဟာဆန်ဝီရာယုဒထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်အတွင်းရေးမှူး လမ်းပြုပြင်မှု စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်အောင်သည် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ရွှေ လိုက်ပါလျက် ယမန်နေ့ နံနက်က ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း မိုးတွင်းကာလ မိုးရေတိုက်စားမှုကြောင့်ပျက်စီးနေသော လမ်းသားနေရာများတွင် ပြန်လည် ပြုပြင်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေး သည်။ **(အောက်ပုံ)**

မှာကြား

ထို့နောက် အတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်အောင်က ပျက်စီးနေသောလမ်းများကို အမြန်ဆုံး ပြုပြင်သွားရန်နှင့် ပွင့်လင်းရာသီတွင် နေ့ညအချိန်အခါကို မစောင့်ဘဲအချိန်ရသမျှ ပြင်ဆင်သွားရန် မှာကြားသည်။ (၁၉)

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းအမှတ်စဉ်(၄/၂၀၀၄)ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်(ကိုယ်စား) ရဲရေးချုပ် ရဲမှူးချုပ် စိုးမြင့်ထွန်း အမှာစကား ပြောကြားစဉ်။

(ရဲတပ်ဖွဲ့)

အခြေခံတိုင်းရင်းဆေးပညာရက်တိုသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၆

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းအမှတ်စဉ်(၄/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကိုယနေ့နံနက်၉နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲရေးချုပ် ရဲမှူးချုပ် စိုးမြင့်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

လေးပတ်ကြာ

သင်တန်းကို စက်တင်ဘာ ၁၀ရက် အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခြားအဆင့် သင်တန်းသား ၅၅ဦး၊ အကျဉ်းဦးစီးဌာနမှ အခြားအဆင့် သင်တန်းသား ငါးဦး စုစုပေါင်း သင်တန်းသား ၆၀တို့ တက်ရောက်ကြသည်။

အလားတူ မန္တလေးတိုင်း ရဲတပ်ဖွဲ့ အောင်ဆန်းခန်းမ၌လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခြားအဆင့်သင်တန်းသား ၅၅ဦး၊ အကျဉ်းဦးစီးဌာနမှ အခြားအဆင့် သင်တန်းသားငါးဦး စုစုပေါင်းသင်တန်းသား ၆၀ဖြင့် တစ်ပြိုင်တည်း သင်တန်းဖွင့်ပွဲကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ထွဋ်က အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ရေနံအစားထိုးလောင်စာနှင့် အနာဂတ်အလားအလာ

မောင်ဖြူ(စွမ်းအင်)

အင်္ဂလန်နိုင်ငံမှာ ယာဉ်မောင်းတချို့ဟာ မိမိတို့ရဲ့မော်တော်ယာဉ်တွေကို ဒီဇယ်ဆီအစား ဟင်းချက်ရာမှာသုံးတဲ့ စားသုံးဆီ (Cooking Oil) ကို မက်သနောလ်နည်းနည်းရောပြီး မောင်းနှင်ကြတဲ့အကြောင်း၊ ဒီဇယ်ဆီသုံးတာထက် ဈေးသက်သာတဲ့အကြောင်း၊ ဒါပေမယ့် အခွန်အခ ပေးဆောင်ထားခြင်းမရှိတဲ့ တရားမဝင် စက်မောင်းဆီ (Illegal, untaxed fuel) ဖြစ်လို့ ရဲက ပေါင်စတာလင်ငွေ ၅၀၀ ဒဏ်ရိုက်ခဲ့တဲ့အတွက် တွက်ခြေမကိုက်ဖြစ်သွားရတဲ့အကြောင်း သတင်းတစ်ပုဒ် ဖတ်လိုက်မိပါတယ်။ အဲဒီသတင်းကို ဖတ်မိပြီး ဒီဆောင်းပါးကို ရေးမိတာပါ။

တကယ်တော့ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဆီ၊ လေယာဉ်ဆီ၊ မီးထိုးဆီ စတဲ့ စက်မောင်းဆီများဟာ ရုပ်ကြွင်းလောင်စာ (Fossil Fuel) ဖြစ်တဲ့ ရေနံစိမ်းကိုချက်လုပ်ရာက ရရှိလာတဲ့ ပစ္စည်းများဖြစ်ပါတယ်။ ရေနံစိမ်းဟာ ပြန်လည် ပြည့်ဖြိုးမြဲမရှိတဲ့ စွမ်းအင်အမျိုးအစား (Non- renewable energy resource) မှာပါဝင်ပြီး ထုတ်ယူသုံးစွဲလိုက်ပါက ပြန်လည်ဖြစ်ထွန်းလာခြင်းမရှိတော့ပါ။ ဆိုလိုတာက အသစ်ထပ်မံဖြစ်ထွန်းလာဖို့ နှစ်သန်းပေါင်းများစွာ ကြာတတ်တဲ့ပစ္စည်းအမျိုးအစားပါ။

လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၃၀၀ ကျော်တုန်းက သစ်ပင်တွေ၊ ရေမှော်ပင်တွေ၊ သတ္တဝါတွေဟာ ကမ္ဘာကြီးရဲ့ နက်ရှိုင်းတဲ့မြေအောက်ကို ရောက်ရှိသွားခဲ့ပြီး အဲဒီနေရာမှာ ပြင်းထန်တဲ့ဖိအား၊ မြင့်မားတဲ့အပူရှိန်တို့ကြောင့် ရေနံစိမ်းအဖြစ် ပြောင်းလဲသွားခဲ့တာပါ။ အဲဒီရေနံစိမ်းကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၅၀ ခန့်ကမှ လူတွေကမြေပေါ်ရောက်အောင် ထုတ်ယူသုံးစွဲခဲ့ကြတာပါ။ ကမ္ဘာ့ရေနံသမိုင်းအရ ၁၈၅၉ ခုနှစ်မှာ အမေရိကန်နိုင်ငံ ပင်ဆဲလ်ဗေးနီးယား (Pennsylvania) ပြည်နယ်၊ တီတူးဗီလ် (Titusville) နားမှာ ကမ္ဘာ့ပထမဦးဆုံး စီးပွားဖြစ် ရေနံတွင်းကို တူးဖော်ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ဒီနေရာမှာ ထူးခြားတာက သဘာဝအလျောက် ရေနံစိမ်းဖြစ်ပေါ်ဖို့ နှစ်သန်းပေါင်း များစွာကြာပေမယ့် စက်မှုတော်လှန်ရေးကြီး ဖြစ်ပေါ်လာပြီးတဲ့နောက် အတတ်ပညာ ပိုင်းဆိုင်ရာတွေ တိုးတက်ဖြစ်ထွန်းလာတာနဲ့အမျှ မျက်မှောက်ခေတ် လူသားတွေအနေနဲ့ ရေနံစိမ်း တူးဖော်ထုတ်လုပ် သုံးစွဲမှုနှုန်းဟာ နှစ်ပေါင်း ရာဂဏန်းပဲ အချိန်လိုအပ်ပြီး အရှိန်အဟုန်ပြင်းထန်လှတာကို တွေ့ရခြင်းဖြစ်ပါတယ်။

စာရင်းဇယားများအရ ၁၉၃၀ ပြည့်နှစ်အထိ ကမ္ဘာ့မြေပြင်အောက်က ရေနံစိမ်းစည် စုစုပေါင်း သန်း ၁၇၀၀၀ သာထုတ်ယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ၁၉၇၀ ပြည့်နှစ်ရောက်တော့ နှစ်စဉ် ရေနံစိမ်းစည်သန်း ၁၇၀၀၀ ထုတ်ယူနိုင်ခဲ့ပါပြီ။ ၁၉၉၇ ခုနှစ်အထိ ရေနံစိမ်းစည် စုစုပေါင်းသန်း ၈၀၇၀၀၀ အထိ ထုတ်ယူခဲ့ကြပြီး လက်ရှိထုတ်ယူမှုနှုန်းအရဆိုရင်တော့ မြေပြင်အောက်မှာ ရေနံစိမ်းစည် သန်း ၉၉၅၀၀၀ ခန့်ကျန်ရှိနေဦးမယ်လို့ ခန့်မှန်းထားကြပါတယ်။

တကယ်လို့ တစ်ကမ္ဘာလုံး ရေနံသုံးစွဲမှုနှုန်းဟာ တစ်နှစ်ကို စည်သန်း ၂၄၀၀၀ ရှိမယ်ဆိုရင် ၂၀၄၀ ပြည့်နှစ်မှာ ရေနံစိမ်းတွေအားလုံး ကုန်သွားနိုင်မယ်လို့ ခန့်မှန်းထားကြပါတယ်။ အဲဒီအချိန်ဟာ သိပ်မဝေးတော့ပါဘူး။ ဒီနေရာမှာ တစ်နှစ်ကို ရေနံစိမ်းသုံးစွဲမှုဟာ ၂ ရာခိုင်နှုန်းခန့် တိုးတက်နေတယ်ဆိုတာကိုလည်းမေ့ထားလို့မရပါဘူး။ တစ်ဖက်ကကြည့်မယ်ဆိုရင်လည်း ရေနံ ရှာဖွေတူးဖော်ထုတ်လုပ်တဲ့ နည်းပညာအသစ်အဆန်းတွေ ပိုမိုတိုးတက်လာတာနဲ့အမျှ ရေနံစိမ်းသိုက်အသစ်တွေ ရှာဖွေတွေ့ရှိလာနိုင်တဲ့ အလားအလာတွေ ရှိနေတယ်လို့လည်း ဆိုကြပါသေးတယ်။

ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့မှာတော့ ကမ္ဘာ့ရေနံစိမ်းဟာ ကုန်ခန်းသွားမှာ မလွဲကေန်ဖြစ်ပါတယ်။ အဲဒါ့အပြင် ကမ္ဘာ့ရေနံစိမ်း ထုတ်လုပ်မှုမှာ အဓိကကဏ္ဍကပါဝင်နေတဲ့ အရှေ့အလယ်ပိုင်းရဲ့ နိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုကလည်း ရေနံစိမ်းပုံမှန်ရရှိရေးအတွက် စိတ်ချရမယ့် အခြေအနေမှာ မရှိတာကတော့အမှန်ပါ။ ဒါကြောင့်မို့လဲ အထူးသဖြင့် အရှေ့အလယ်ပိုင်းက ရေနံစိမ်းကို ၆၀ ရာခိုင်နှုန်းအထိ အားထားနေရတဲ့ အာရှတိုက်အနေနဲ့ တစ်စုံတစ်ခုသောအကြောင်းကြောင့် ရေနံစိမ်းရရှိမှု ပြတ်တောက်သွားခဲ့ရင် ခံသာအောင် အရေးပေါ် အရန်ရေနံစိမ်းများ (Strategic Reserve) ကို အရန်သင့်စီမံထားကြပါတယ်။

အထူးသဖြင့် အာရှတိုက်မှာရှိပြီး ပြည်ပရေနံစိမ်းကို အားကိုးနေရတဲ့ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းနိုင်ငံတွေမှာ အရေးပေါ် အရန်ရေနံစိမ်းတွေကို အောက်ပါအတိုင်း အစီအမံများချမှတ်ပြီး သိုလှောင်ထားကြပါတယ်–

စဉ်	နိုင်ငံ	သိုလှောင်ပမာဏ (စည်သန်း)	အရေးပေါ်သုံးစွဲနိုင်သည့် အရန်ပမာဏ (ရက်)
၁။	ဂျပန်	၅၆၇	၁၆၁
၂။	ကိုရီးယားသမ္မတနိုင်ငံ	၁၃၃	၆၇
၃။	ထိုင်း	–	၂၉

ဒီလို အရန်ရေနံစိမ်းများကို သိုလှောင်ထားခြင်းဟာ ယာယီအစီအစဉ်သာဖြစ်ပြီး ရေရှည်ကာလအတွက် စွမ်းအင်ဖူလုံစိတ်ချရဖို့ အောက်ပါအတိုင်း နည်းလမ်းများ စီမံချမှတ်သင့်ကြောင်း ဂျပန်နိုင်ငံက အဆိုပြုထားပါတယ်–

(၁) အရန်ရေနံစိမ်းများ စုဆောင်းထားခြင်း (Oil Stock Piling)

(၂) သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော လောင်စာများကို ပိုမိုသုံးစွဲခြင်း (Utilization of Clean Coal, Natural Gas and Renewable Energies)

(၃) စွမ်းအင်ကို အကျိုးရှိထိရောက်စွာ သုံးစွဲခြင်း၊ (Efficient Energy Use)

(၄) ရေနံစိမ်း(စွမ်းအင်) ထုတ်လုပ်သူများနှင့် သုံးစွဲသူများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းရေး (More Understanding between Producers and Consumers)

ဒီဆောင်းပါးရဲ့ အစပိုင်းမှာ ဖော်ပြထားတဲ့ အင်္ဂလန်နိုင်ငံက ယာဉ်မောင်းအချို့ဟာ စားသုံးဆီကို ဒီဇယ်အင်ဂျင်ထဲထည့်မောင်းတာဟာလဲ တစ်နည်းအားဖြင့် ပြန်လည်ပြည့်ဖြိုးမြဲလောင်စာ (Renewable Fuel) ကို ဒီဇယ်အစားအစားထိုးသုံးစွဲခြင်းပါပဲ။ တကယ်တော့ စားသုံးဆီကို ဒီဇယ်အင်ဂျင်ထဲ ထည့်သုံးတာ၊ ထည့်သုံးလို့ရတာဟာ အသစ်အဆန်းကိစ္စတစ်ရပ်တော့မဟုတ်ပါဘူး။ ၁၈၉၅ ခုနှစ်တုန်းက ကမ္ဘာ့ပထမဆုံးသော ဒီဇယ်အင်ဂျင်ကို တီထွင်စမ်းသပ်ခဲ့တဲ့ ဂျာမန် သိပ္ပံပညာရှင် Dr. Rudoff Diesel ဟာ ဒီဇယ်အင်ဂျင်ကို လောင်စာဆီအမျိုးမျိုးနဲ့ စမ်းသပ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော်ကာလ ၁၉၀၀ ပြည့်နှစ်က ပြင်သစ်နိုင်ငံ ပါရီမှာကျင်းပခဲ့တဲ့ ကမ္ဘာ့ပြပွဲကြီးမှာ ဒေါက်တာရူဒေါ့ဒီဇယ်က သူ့ရဲ့ဒီဇယ်အင်ဂျင်ကို မြေပဲဆီ (Peanut oil)နဲ့ စမ်းသပ်လည်ပတ်ပြခဲ့တာပါ။ ၁၉၁၁ ခုနှစ်မှာတော့ ဒေါက်တာရူဒေါ့က သူ့ရဲ့ ဒီဇယ်အင်ဂျင်တွေကို ဟင်းသီးဟင်းရွက်ဆီ (Vegetable Oils) အမျိုးမျိုးနဲ့ လည်ပတ်နိုင်ကြောင်း၊ ဒါကြောင့်မို့ သူ့ရဲ့ဒီဇယ်အင်ဂျင်တွေဟာ စိုက်ပျိုးရေးအခြေခံတဲ့နိုင်ငံတွေရဲ့ တိုးတက်မှုကို အထောက်အကူပြုမှာဖြစ်ကြောင်း ပြောကြားခဲ့ဖူးပါတယ်။

ဒီနောက်ပိုင်း ကာလတွေမှာလည်း သိပ္ပံပညာရှင်တွေ၊ အင်ဂျင်နီယာတွေဟာ ဒီဇယ်အင်ဂျင်တွေမှာ ဒီဇယ်ဆီအစား အခြားလောင်စာတွေကို အမျိုးမျိုး စမ်းသပ်ခဲ့ကြပါတယ်။ အချို့ အစားထိုးစက်မောင်းဆီများဟာ ဒီဇယ်အင်ဂျင်များကို တစ်စုံတစ်ရာ ပြုပြင်စရာမလိုပေမယ့် အချို့ဆီများအတွက်တော့ ဒီဇယ်အင်ဂျင်များကို ပြုပြင်ပြောင်းလဲမှုတွေ လုပ်ရတတ်ပါတယ်။ အခြေခံအားဖြင့် ဒီဇယ်အစားထိုးလောင်စာ သုံးမျိုးကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်–

(၁) **ဇီဝဒီဇယ်ဆီ** (Biodiesel)

ဇီဝဒီဇယ်ဆီဟာ ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil) ကို ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်း၊ အရက်ပျံ (Alcohol) ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းနဲ့ ကက်တလစ် (Catalyst)ကို ၀ ဒသမ ၃၅ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်း ရောစပ်ထားသောဆီ ဖြစ်ပါတယ်။ တည်ငြိမ်မှုရှိခြင်း၊ ဒီဇယ်အင်ဂျင်များတွင် သုံးစွဲရာ၌စိတ်ချရခြင်း၊ ပုံမှန် ဒီဇယ်ဆီများနှင့် ရောစပ်သုံးစွဲနိုင်ခြင်း၊ ထုတ်လုပ်ရောစပ်ရန် လွယ်ကူခြင်း၊ ရောစပ်ရာတွင် အန္တရာယ်ကင်းခြင်း၊ ပုံမှန် ဒီဇယ်ဆီပန့်များ၊ ဆီတိုင်ကီများတွင် သုံးစွဲနိုင်ခြင်း၊ ဒီဇယ်အင်ဂျင်များကို ပြုပြင်မွမ်းမံရန်မလိုခြင်း စသော အကျိုးကျေးဇူးများရှိတဲ့ အစားထိုးလောင်စာဆီ ဖြစ်ပါတယ်။

(၂) **ရောဆီ** (Vegetable Oil/Kerosene Mix)

ဒီဆီကတော့ ဟင်းသီးဟင်းရွက်ဆီနှင့် ရေနံဆီတို့ ရောစပ်ထားတဲ့ လောင်စာဆီဖြစ်ပြီး ဒီဇယ်အင်ဂျင်များမှာ သုံးစွဲနိုင်ပါတယ်။ ဒါပေမယ့် ရောစပ်ရာမှာ အထူးသတိထားဖို့လိုအပ်ပြီး တိကျမှန်ကန်သော အချိုးအစားရရှိအောင် မရောစပ်နိုင်ရင် ဒီဇယ်အင်ဂျင်များကို ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ ဒီလောင်စာဆီကို သုံးမယ်ဆိုရင် အပိုဆီတိုင်ကီ တစ်လုံးလိုမှာဖြစ်ပါတယ်။ အင်ဂျင်ကိုနှိုးတဲ့အခါနဲ့ ရပ်နားတဲ့အခါတွေမှာ ရိုးရိုးဒီဇယ်ဆီကို သုံးစွဲရမှာဖြစ်ပါတယ်။ ဒီဆီအမျိုးအစားကတော့ လေ့လာစမ်းသပ်ဆဲဖြစ်ပြီး အဆင်မသင့်ရင် ဒီဇယ်အင်ဂျင်များကို အန္တရာယ်ပေးနိုင်ပါသေးတယ်။

(၃) **ဟင်းသီးဟင်းရွက်ဆီ** (Straight Vegetable Oil)

ဒီဇယ်အင်ဂျင်များကို ရိုးရိုးဒီဇယ်ဆီနဲ့ စက်နှိုးပြီးနောက် အပူပေးထားတဲ့ ဟင်းသီးဟင်း ရွက်ဆီသန့်သန့်ဖြင့် ခုတ်မောင်းနိုင်ပါတယ်။ ကြော်ပြီးသားဟင်းသီးဟင်းရွက်ဆီ သို့မဟုတ် ဟင်းသီးဟင်းရွက်ဆီအသစ်ကိုလည်း သုံးစွဲလို့ရပါတယ်။ ဟင်းသီးဟင်းရွက်ဆီထည့်ရန် ဆီတိုင်ကီအသစ် တပ်ဆင်ခြင်း၊ ဟင်းသီးဟင်းရွက်ဆီကို အပူပေးရန်အတွက် ပိုက်လိုင်းများတပ်ဆင်ခြင်းများကိုတော့ လုပ်ပေးဖို့လိုပါတယ်။ ဒီလိုပြုပြင်တပ်ဆင်မှုတွေလုပ်ပြီးရင်ပထမဦးစွာ အင်ဂျင်ကို ရိုးရိုးဒီဇယ်ဆီ သို့မဟုတ် Biodieselနဲ့ နှိုးရပါတယ်။ ပြီးမှအပူပေးပြီးသား ဟင်းသီးဟင်းရွက်ဆီနဲ့ ပြောင်းမောင်းနိုင်ပါတယ်။ အင်ဂျင်စက်မသတ်မီမှာ ရိုးရိုးဒီဇယ်ဆီနဲ့ပြောင်းပြီး စက်ရပ်နားနိုင်ပါတယ်။ ဒီဆီနဲ့မောင်းတာဟာ ဂရုစိုက်မယ်ဆိုရင် စိတ်ချရပါတယ်။

ဆောင်းပါးအစမှာ ဖော်ပြခဲ့တဲ့ အင်္ဂလန်နိုင်ငံက ယာဉ်မောင်းတွေကတော့ ဟင်းချက်တဲ့ စားသုံးဆီ (Cooking Oil) ကို မက်သနောလ်နဲ့ရောပြီး သူတို့ရဲ့ ဒီဇယ်ဆီသုံး Subaru ယာဉ်များမှာ သုံးစွဲကြောင်းဖတ်ရှုရပါတယ်။

မည်သို့ဆိုစေကာမူ အနာဂတ်ကာလမှာ ရေနံစိမ်းဟာ မလွဲမသွေ ကုန်ဆုံးသွားမှာဖြစ်တဲ့အတွက် အစားထိုးလောင်စာအမျိုးမျိုးကို ရှာဖွေစမ်းသပ်သုံးစွဲနေကြလျက်ရှိပါတယ်။ နေရောင်ခြည်စွမ်းအင်၊ စွမ်းအင်ဘူမိ အပူစွမ်းအင်၊ နျူကလီးယားစွမ်းအင်စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ရှာဖွေစမ်းသပ်သုံးစွဲနေကြပါတယ်။ မျက်မှောက်ကာလမှာတော့ ဥရောပတိုက်က ဒိန်းမတ်နိုင်ငံဟာ အစားထိုးလောင်စာစွမ်းအင် အစီအစဉ်မှာ ထိပ်ဆုံးကပြေးနေပါတယ်။ ဒါပေမယ့် ဒိန်းမတ်တစ်ပြည်လုံး လျှပ်စစ်ဓာတ်အား လိုအပ်ချက်ရဲ့ ၂၀ ရာခိုင်နှုန်းကိုသာ လေအားသုံးတာဘိုင်များမှ ထုတ်ယူသုံးစွဲနိုင်ပါသေးတယ်။ ပြင်သစ်နိုင်ငံကတော့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရဲ့ ၈၀ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်သုံးစက်ရုံများက ထုတ်လုပ်သုံးစွဲနေပါတယ်။ ဂျပန်နိုင်ငံမှာ ကမ္ဘာ့အကြီးဆုံး နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးရှိပါတယ်။ ဂျပန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသ၊ နီဂါတာခရိုင်မှာရှိတဲ့ Kashiwasaki Kariwa Nuclear Power Station ကြီးဟာ စုစုပေါင်း စက်တပ်အင်အား ၈၂၁၂ မဂ္ဂါဝပ်ရှိပါတယ်။ ဒါတောင်မှ ဂျပန်နိုင်ငံဟာ သူ့ရဲ့ရေနံစိမ်းလိုအပ်ချက်ကို ပြည်ပမှ တင်သွင်းနေရဆဲ ဖြစ်ပါတယ်။

အစားထိုးလောင်စာများအနေနဲ့ ဒီဇယ်ဆီအစားသုံးစွဲနိုင်တဲ့ ဆီထွက်သီးနှံပေါင်း မြောက်မြားစွာရှိပါတယ်။ အဲဒီအထဲက အောက်ပါသီးနှံ ၁၀ မျိုးရဲ့ ဆီထွက်နှုန်းများကို ဖော်ပြလိုက်ပါတယ်–

စဉ်	ဆီထွက်သီးနှံအမျိုးအစား	ဆီထွက်နှုန်း (တစ်ဧကအထွက်နှုန်း)(ပေါင်)
၁။	ဆီအုန်း (Oil Palm)	၄,၅၈၅
၂။	အုန်း (Coconut)	၂,၀၇၀
၃။	ကြက်ဆူ (Jatropha)	၁,၄၆၀
၄။	မုန်ညင်း (Rapeseed)	၉၁၅
၅။	မြေပဲ (Peanut)	၈၁၅
၆။	နေကြာ (Sunflower)	၇၂၀
၇။	ဆူးပန်း (Safflower)	၆၀၅
၈။	ပဲပိစပ် (Soybean)	၃၄၅
၉။	ပိုက်ဆံလျှော် (Hemp)	၂၈၀
၁၀။	ပြောင်း (Corn)	၁၃၅

မှတ်သားဖွယ် ကောင်းတာတစ်ခုကတော့ ဒီဆီထွက်သီးနှံတွေဟာ နေရောင်ခြည်က တိုက်ရိုက်ရတဲ့စွမ်းအင်တွေကို သိုမှီးထားတာဖြစ်ပါတယ်။ ရေနံစိမ်းစတဲ့ ရုပ်ကြွင်းလောင်စာ (Fossil Oil) ရရှိဖို့နှစ်သန်းပေါင်းရာနဲ့ချီပြီး ကြာမြင့်ပေမယ့် ဆီထွက်သီးနှံတွေကိုတော့ လအနည်းငယ်အတွင်းမှာ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းပါပဲ။

ဒါကြောင့် မဝေးတော့တဲ့အနာဂတ်ကာလမှာ (နောက်နှစ်ပေါင်း ငါးဆယ်ခန့်အတွင်းမှာ) ရုပ်ကြွင်းလောင်စာ ရေနံစိမ်းကို အစားထိုးတဲ့ ဆီထွက်သီးနှံလောင်စာများဟာ ပိုမိုအရေးပါလာတော့မှာ မလွဲကေန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

မှတ်သားဖွယ် ကောင်းတာ တစ်ခုကတော့ ဒီဆီထွက် သီးနှံတွေဟာ နေရောင်ခြည်က တိုက်ရိုက်ရတဲ့ စွမ်းအင်တွေကို သိုမှီးထားတာ ဖြစ်ပါတယ်။ ရေနံစိမ်းစတဲ့ ရုပ်ကြွင်းလောင်စာ (Fossil Oil) ရရှိဖို့နှစ်သန်းပေါင်းရာနဲ့ ချီပြီး ကြာမြင့်ပေမယ့် ဆီထွက်သီးနှံတွေကိုတော့ လအနည်းငယ်အတွင်းမှာ စိုက်ပျိုး ထုတ်လုပ် နိုင်ခြင်းပါပဲ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၈-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** – An Introduction to the Final of Limited Limited Comparies (စီးပွားရေး၊ စီးပွားစီမံ)
- ၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မဆုတ်မနစ်" (အပိုင်း-၁)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင် အဆိပ်မယ်နှင့် ငါးဒေဝီ" (အပိုင်း-၃)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

အီရတ်တစ်ဦးထံမှ ကားလုယက်မှု အမေရိကန်အရာရှိတစ်ဦး အပြစ်ပေးခံရ

ဖို့ဒ်ကင်းဘဲလ် ဩဂုတ် ၁၄

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်စစ်ပွဲပြီးဆုံးပြီးစ စောစောပိုင်းကာလက အီရတ်တစ်ဦးထံမှ အက်စ်ယူဗီခေါ် လုပ်ငန်းသုံး ကားတစ်စီးကို လုယူခဲ့ကြသည်။ ထိုကိစ္စတွင် အမေရိကန်တပ်ဖွဲ့မှ အရာရှိတစ်ဦးမှာလည်း ဖုံးကွယ်လိမ်လည်မှုဖြင့် တရားစွဲဆိုခံရသည်။ အရာရှိကို ယနေ့ စစ်ဘက်တရားရေးအဖွဲ့ဝင်များက တပ်မှထုတ်ပစ်သော ပြစ်ဒဏ်နှင့် ထောင်ဒဏ်တစ်လကျခံသော ပြစ်ဒဏ်များကျခံရန် ထောက်ခံတင်ပြလိုက်သည်။

အရေးယူခံထားရသော အမေရိကန် အရာရှိမှာ ဗိုလ်ဘရက်ဒလေးပါဗ်လစ် ဖြစ်သည်။ ဂျူရီလူကြီးများ၏ ဩဂုတ် ၁၂ ရက် အဆုံးအဖြတ်အရ ၎င်းကိုလုယက်မှုတွင် ပါဝင်အားပေးသည့် အပြစ်မှ တရားသေ လွှတ်လိုက်သော်လည်း အထက်ပါ အဖြစ်အပျက်များကို အမှန်အတိုင်း ထွက်ဆိုခြင်း မပြုဘဲ လိမ်ဆယ်ထွက်ဆိုခဲ့သည့်အတွက် အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့ကြသည်ဟု ဆိုသည်။

တရားလိုများက ထောင်ဒဏ် ခြောက်လနှင့် တပ်မှ ထုတ်ပစ်သော ပြစ်ဒဏ်များ ချမှတ်ပေးရန် လျှောက်ထားခဲ့ကြသည်။ တရားခံ ရှေ့နေကမူ အပြစ်မှ လွှတ်ပေးရန် လျှောက်လဲသွားကြောင်း သိရသည်။ ၎င်းကျူးလွန်သော ပြစ်မှုအတွက် ပါဗ်လစ်မှာ အများဆုံး ထောင်ဒဏ် ခုနစ်နှစ်ခွဲအထိ အပြစ်ပေးခံရနိုင်သော အနေအထားရှိသည်ဟုဆိုသည်။

ဖို့ဒ်ကင်းဘဲလ်တပ်စခန်းမှ စစ်ဦးစီး အရာရှိချုပ်မှာ အမှတ် (၁၀၁) လေကြောင်းချီတပ်မှ ဗိုလ်မှူးချုပ် တွမ်တာနာဖြစ်သည်။

စစ်ခုံရုံးကို နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။ ထိုအတောအတွင်း တရားလိုများက အရာရှိ ပါဗ်လစ်သည် ၎င်း၏ လက်အောက်ရှိ တပ်ဖွဲ့ဝင်များက အီရတ်အကြီးအကဲ တစ်ဦးထံမှ လုပ်ငန်းသုံး ဇိမ်ခံကား အက်စ်ယူဗီ တစ်စီးကို လုယူခဲ့သည်ကို သိလျက်နှင့် ပြစ်မှုကို ပါဝင်ဖုံးဖိထားခဲ့ကြောင်း စွဲဆိုခဲ့ကြသည်။

ပါဗ်လစ်အနေဖြင့် ၎င်းလက်အောက်မှ တပ်ဖွဲ့ဝင်က လုယက်မှု ကျူးလွန်ရန် စီစဉ်ခဲ့သည် ဆိုသောကိစ္စကို သိရှိသည့် အထောက်အထား တစ်စုံတစ်ရာ မတွေ့ရကြောင်း တရားခံ ရှေ့နေ ဖရင်စပင်နာက လျှောက်ထားခဲ့သည်။

အသက် ၃၇ နှစ်ရှိ ပထမတန်း တပ်ကြပ်ကြီး ဂျိမ်း(စ)ဝီလျံမှာ ၂၀၀၃ ခုနှစ် ဧပြီလအတွင်းက ဖြစ်ပွားခဲ့သော အဆိုပါ အက်စ်ယူဗီ ကားခိုးယူမှုဖြင့်ပင် တရားစွဲဆိုခံခဲ့ရသည်။ သို့ရာတွင် ဂျူရီတရားရေးအဖွဲ့က ထိုတပ်ကြပ်ကြီးကို ထောင်ဒဏ် ချမှတ်ရန် ထောက်ခံတင်ပြခဲ့ခြင်း မရှိဟု ဆိုသည်။

တပ်ကြပ်ကြီးဝီလျံက ကားကို သိမ်းယူရခြင်းမှာ အမေရိကန်အရာရှိ ပါဗ်လစ်က အမိန့်ပေးသောကြောင့်သာ လုပ်ရခြင်းဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ထိုကိစ္စကို ပြစ်မှုမြောက်သောလုပ်ရပ် အဖြစ် သိမထားကြောင်း ထွက်ဆိုခဲ့သည်။

တရားခံရှေ့နေ စပင်နာသည် ဂျူရီများ အဆုံးအဖြတ်ကို မကျေနပ်သဖြင့် အယူခံဝင်ရန် စီစဉ်နေကြောင်း သိရသည်။

စစ်ဖြစ်စ စစ်ဦးကာလတွင် အရပ်ဘက်မှ ယာဉ်များကို စစ်ရေးကိစ္စ အလို့ငှာ သိမ်းယူခွင့် ပေးထားသည်ဟု ဆိုသည်။ သိမ်းယူသူအနေဖြင့် ပြေစာ သဖွယ်ရေးသားထားသော ဖြတ်ပိုင်းကို ကားသိမ်းခံရသူထံတွင် ပေးထားခဲ့ရမည်ဖြစ်၏။ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် ကားသုံးစွဲမှုကိစ္စ ပြီးဆုံးသွားသောအခါ အသိမ်းခံရသူက ပြေစာပြ၍ ကားကို ပြန်လည်တောင်းယူနိုင်မည်။ သို့မဟုတ် တန်ဖိုးငွေကို တောင်းဆိုနိုင်ခွင့် ရှိကြမည်ဟုဆိုသည်။

ပါဗ်လစ်သည် သူ၏ ကားပျက်သွားသဖြင့် ဒေါသထွက်နေပြီး ကားတစ်စီးစီးကို ရှာယူခဲ့ရန် တပ်ကြပ်ကြီးကို အမိန့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အက်စ်ယူဗီကားကို ရယူစဉ်က အင်အားသုံး၍ အဓမ္မရယူခဲ့ခြင်း မဟုတ်သော်လည်း အသိမ်းခံရသူ၏ လက်ဝယ်သို့ ကားယူသွားကြောင်း စာဖြင့်ရေးသား၍ ပေးခဲ့ခြင်းလည်း မရှိဟု ဆိုသည်။ နောက်ပိုင်း၌ အမေရိကန်တပ်ဖွဲ့များက ကားပိုင်ရှင် ရှိတ်အာမက် ဒဗလျူအယ်ဖိုးဆယ် ထံသို့ အမေရိကန်စစ်ဘက်မှ အမေရိကန် ဒေါ်လာ ၃၂၀၀၀ ပေးခဲ့သည်။

ကားလုယက်မှုတွင် ပါဝင်ပတ်သက်နေသော အခြားအမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးမှာ ထောင်ဒဏ်တစ်နှစ် ပြစ်ဒဏ် ချမှတ်ခြင်း ခံခဲ့ရသည်ဟု ဆိုသည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့ပေါ်တွင် ပျံဝဲပြီး လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်ရဟတ်ယာဉ်တစ်စင်းကို ဩဂုတ် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ တိုက်ပွဲအတွင်း အရပ်သားများ သေဆုံးဒဏ်ရာရမှု နိုင်ငံတကာကြက်ခြေနီကော်မတီက စိုးရိမ်ကြောင်း ကြေညာ

ဂျီနီဗာ ဩဂုတ် ၁၄

အီရတ်နိုင်ငံတစ်ဝန်း အခရာကျသော မြို့ကြီးများတွင် သွေးထွက်သံယို တိုက်ခိုက်မှုများအပေါ် နိုင်ငံတကာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)က များစွာ စိုးရိမ်ကြောင်း ကြေညာသည်။

ကွတ်မြို့၊ ဘဂ္ဂဒက်မြို့တော် (ဆာဒါ ခရိုင်)၊ ဆာမာရာမြို့၊ ဖော်လူဂျာမြို့နှင့် နာဂျက်ဖ်မြို့ကဲ့သို့သော အီရတ်နိုင်ငံ ဒေသများ၌ ပိုမိုတိုက်ခိုက်မှု များလာခြင်းအပေါ် အိုင်စီအာရ်စီက များစွာ စိုးရိမ်မကင်းရှိကြောင်း ကြာသပတေးနေ့က ကြေညာသည်။

နာဂျက်ဖ်မြို့၌ ဆက်တိုက် ရှစ်ရက်ကြာ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားလျက်ရှိရာ နှစ်ဖက်စလုံးက အရပ်သူ၊ အရပ်သားများအား ချမ်းသာပေးရန်နှင့် ဖျားနာ၊ ဒဏ်ရာရသူများ အမြန်ဆုံး သယ်ဆောင်ခွင့်ရရေး စီစဉ်ကြရန် အိုင်စီအာရ်စီက တိုက်တွန်းလိုက်သည်။

လူနေထူထပ်သော ဒေသများ အတွင်း ပြင်းပြင်းထန်ထန် တိုက်ခိုက်ခြင်းက အရပ်သားများ ပိုမိုထိခိုက်သေကျေနိုင်ကြောင်းဖြင့်လည်း သတိပေးလိုက်သည်။

— ပေးပို့ —

အယ်ဆာဒါ၏ ခုခံရေးသမားများနှင့် အမေရိကန် ကျူးကျော်ရေးသမားများအကြား အပြင်းထန်ဆုံး တိုက်ပွဲဖြစ်ပွားသည့် နာဂျက်ဖ်မြို့မှ အရပ်သားများအတွက် အိုင်စီအာရ်စီက အရေးပေါ် ဆေးဝါးများနှင့် ဆေးပစ္စည်းများ သုံးတန်ခန့် ပေးပို့လိုက်သည်။

အီရတ်နိုင်ငံတစ်ဝန်း ဖြစ်ပွားသော တိုက်ပွဲကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်းတွင် သေဆုံးသူ အီရတ် ၁၆၅ ဦးရှိပြီး လူ ၆၀၀ ဒဏ်ရာရသည်။

အင်တာနက်။

အီရတ်သတင်းဖော်ပြရာတွင် ဘက်လိုက်ခဲ့ကြောင်း ဝါရှင်တန်ပို့စ် သတင်းစာ ဝန်ခံ

ဝါရှင်တန် ဩဂုတ် ၁၄

သမ္မတဘုရှ်၏ အမေရိကန်အစိုးရ အနေဖြင့် အီရတ်နိုင်ငံအား ကျူးကျော် တိုက်ခိုက်မှုမှာ တရားမျှတပါသလော ဟူ၍ မေးမြန်းသော သတင်းမျိုးတို့ကို အရေးမကြီးလေဟန် မေ့မိုန်ပစ်မိခဲ့ကြောင်းဖြင့် ဝါရှင်တန်ပို့စ်သတင်းစာမှ စာတည်းများက ဝန်ခံကြပြီဖြစ်သည်။

အီရတ်သတင်းများ ဖော်ပြရာတွင် မိမိတို့၌ အားနည်းမှုများ ရှိကြောင်းကို နယူးယောက်တိုင်း(မ်) သတင်းစာက ဝန်ခံကြေညာပြီး သုံးလေးလအကြာတွင် ဝါရှင်တန်ပို့စ်သတင်းစာ စာတည်းများက ယခုကဲ့သို့ ဝန်ခံကြခြင်းဖြစ်သည်။

အီရတ်နိုင်ငံအနေဖြင့် လူအစုအပြုံလိုက် သေစေနိုင်သော အစွမ်းထက်လက်နက်များရှိသော အထောက်အထား သမ္မတဘုရှ် ရရှိထားခြင်း ရှိ၊ မရှိ မေးခွန်းထုတ်ထားသော သတင်းနှင့် ဆောင်းပါးများကို ဩဇာတိက္ကမကြီးမားသော ဤအမေရိကန်နေ့စဉ်သတင်းစာက လျစ်လျူပြုခဲ့ကြောင်းဖြင့် ဝါရှင်တန်ပို့စ်သတင်းစာ၏ ကြာသပတေးနေ့ထုတ်တွင် မျက်နှာဖုံးမှ ဖော်ပြထားသည်။

မိမိတို့သည် ကိုယ့်အလုပ်ကို လုပ်ကိုင်ကြသည်၊ သို့သော် တိကျပြတ်သားမှု မရှိခဲ့။ ထို့ကြောင့် ကိုယ့်ကိုယ်ကို ပြန်အပြစ်တင်မိပါသည်ဟု ဝါရင့်စာတည်း ကော့ဝုဒ်ဝပ်က ရေးသားလိုက်သည်။

ဝါရှင်တန်ပို့စ် သတင်းစာသည် စစ်ပွဲ၏နောက်ကွယ်မှ ရည်ရွယ်ချက် တရားမျှတမှု ရှိ၊ မရှိ မေးခွန်းထုတ်သည့် ဆောင်းပါးများ၊ ကျူးကျော်တိုက်ခိုက်သည့် အမေရိကန်တို့ လုပ်ရပ်အပေါ် သံသယရှိသည့် ရေးသားဖော်ပြချက်များကို အတွင်းစာမျက်နှာများသို့ ပို့ကာ ချောင်ထိုးခဲ့သည်ဆို၏။

အင်တာနက်။

ယူဆူဖီယာမြို့တွင် ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသည့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၁၀ ရက်က ရဟတ်ယာဉ်ပေါ်မှ သယ်ချနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတွင် အမေရိကန်တို့၏ ရက်စက်မှုများ အီရန်နိုင်ငံက ပြစ်တင်ရှုတ်ချ

တီဟီရန် ဩဂုတ် ၁၄

အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်များ ကျူးလွန်သည့် ရက်စက်ယုတ်မာမှုများကို အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟာမစ်ရေဇာအဆီဖီက ကြာသပတေးနေ့တွင် ပြစ်တင် ရှုတ်ချလိုက်ပြီး အမေရိကန်တို့၏ ရက်စက်ယုတ်မာမှုများအပေါ် စက်ဆုပ် ရွံရှာမှုနှင့် အကြီးအကျယ် စိုးရိမ်မှုရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

စံနှုန်းများနှင့် မကိုက်ညီ

အပြစ်မဲ့ အရပ်သား ပြည်သူအများအပြား သေဆုံးရသည့် နာဂျက်ဖ်နှင့် ကွတ်မြို့တို့ကို အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်သတ်ဖြတ်မှုမှာ ဆိုးရွားလှကြောင်း၊ ထိုစစ်ဆင်ရေးမှာ လူမဆန်အောင် ရက်စက်ကြမ်းကြုတ်ပြီး နိုင်ငံတကာ စံနှုန်းများနှင့်လည်း မကိုက်ညီကြောင်း ဟာမစ်ရေဇာအဆီဖီက ပြောကြားသည်။

သက်သေပြ

သူတို့သည် လူမျိုးစု ကျင့်ဝတ်များကိုလည်း မလေးစား မလိုက်နာ၊ သူတို့၏ ရက်စက်ယုတ်မာသည့် လုပ်ရပ်များမှာလည်း တရားမျှတမှု နည်းနည်းမျှမရှိကြောင်းကို အမေရိကန် ကျူးကျော်ရေးသမားများက သက်သေပြလိုက်ပြီဟု ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

တိုက်တွန်း

နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် နာဂျက်ဖ် အဖြစ်မျိုးကို ဟန့်တားရေးအတွက် အလျင်အမြန်တုံ့ပြန်ရန်နှင့် အီရတ်နိုင်ငံမှ အကာအကွယ်မဲ့ ပြည်သူများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်နေမှုကို ရပ်စဲရန် ဆောင်ရွက်ပေးဖို့ ဟာမစ်ရေဇာအဆီဖီက တိုက်တွန်းလိုက်သည်။

အင်တာနက်။

အီရတ် ကြားဖြတ်အစိုးရ နုတ်ထွက်သင့်ကြောင်းနှင့် ကန်တပ်ဖွဲ့ များကို ဆက်လက်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အယ်လ်ဆာဒါပြောကြား

နာဂျက်ဖ် ဩဂုတ် ၁၄

အီရတ်ကြားဖြတ်အစိုးရအဖွဲ့သည် ရာထူးမှနုတ်ထွက်ပေးသင့်ကြောင်း၊ မိမိ၏ ခုခံတိုက်ခိုက်ရေးသမားများသည် ကျဆုံးသည် ဖြစ်စေ၊ အောင်ပွဲခံသည် ဖြစ်စေ နာဂျက်ဖ်မြို့တွင်းရှိ အမေရိကန်တပ်ဖွဲ့ကို ဆက်လက်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါက ပြောကြားသည်ဟု ၎င်း၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရတ်အစိုးရအဖွဲ့ နုတ်ထွက်ပေးရန် မိမိ တိုက်တွန်းလိုကြောင်း၊ အီရတ်ပြည်သူတစ်ရပ်လုံးကလည်း ကြားဖြတ်အစိုးရအဖွဲ့ နုတ်ထွက်ပေးရန် တောင်းဆိုလျက်ရှိကြောင်း ဆက်ဒမ်ဟူစိန်ထက် ပိုမိုဆိုးရွားသော အစိုးရအဖွဲ့ကို အစားထိုးခဲ့ခြင်းသာ ဖြစ်ကြောင်း ဆာဒါ၏ ပြောကြားချက်ကို ကိုးကားလျက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဟာစ်ကြေး

ဆာဒါသည် နာဂျက်ဖ်မြို့မှ ဆုတ်ခွာသွားမည်မဟုတ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားရာ ဆာဒါအား ထောက်ခံသူများက အမေရိကန်အလိုမရှိဟူ၍ ဟာစ်ကြွေးကြသည်။ ဆာဒါ၏ မီဒီတပ်ဖွဲ့သည် နာဂျက်ဖ်မြို့ရှိ အမေရိကန်နှင့် အီရတ်အစိုးရတပ်ဖွဲ့တို့ကို တိုက်ခိုက်လာခဲ့သည်မှာ ရက်သတ္တ တစ်ပတ်ကျော် ရှိခဲ့ပြီဖြစ်သည်။

နာဂျက်ဖ်မြို့တွင် အပစ်အခတ် ရပ်စဲခြင်းသည် ခုခံတိုက်ခိုက်ရေးသမားများ လက်နက်ချလာစေရန် ရည်ရွယ်သည့် လှည့်ကွက်သာ ဖြစ်ဖွယ်ရှိကြောင်း ဆာဒါက သတိပေးပြောကြားသည်။

တိုက်တွန်း

အီရတ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းမြို့ကြီးများရှိ မိမိအား ထောက်ခံသူများသည် ခုခံတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ရန် တိုက်တွန်းကြောင်း ဆာဒါက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



ဆန့်ကျင်ဆန္ဒပြ

နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များရှိနေမှုကို ဆန့်ကျင်သည့် ဆန္ဒပြပွဲ၌ ရှီးယိုက်ခုခံရေးသမားများကို ဩဂုတ် ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဆမ်မာရာမြို့ တွင်တိုက်ပွဲအပြင်းအထန်ဖြစ်ပွား၊ ၁၃ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်းရှိ ဆမ်မာရာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ ပြင်းထန်သည့် တိုက်ခိုက်မှုများ ဖြစ်ပွားရာ အီရတ်နိုင်ငံသား ၁၃ ဦးထက်မနည်း သေဆုံးပြီး ၈၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာ သတင်းရပ်ကွက်က စနေနေ့တွင် ပြောကြားသည်။

အမျိုးသမီးသုံးဦး၊ ကလေးနှစ်ဦး၏ အလောင်းများနှင့် ထိခိုက်ဒဏ်ရာရသူ ၈၄ဦးဆေးရုံသို့ ရောက်ရှိလာခဲ့ကြောင်း ဆမ်မာရာ ဆေးရုံကြီးက ပြောကြားသည်။ ထိခိုက်ဒဏ်ရာ ရသူအများစုမှာ ကလေးငယ်များနှင့် အမျိုးသမီးများ ဖြစ်သည်။

ပျက်စီး

ယင်းတိုက်ခိုက်မှုကြောင့် ရဲဌာနချုပ်ဝင်ပေါက် ဆိုးဆိုးရွားရွား ပျက်စီးခဲ့ပြီး ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း ဆမ်မာရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

တိုက်ခိုက်

အမေရိကန် ဦးဆောင်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအား လွန်ခဲ့သည့် မတ်လက ဝင်ရောက် တိုက်ခိုက်ပြီးသည့်နောက် ဆမ်မာရာမြို့သည် ဆွန်နီတို့ ခုခံတိုက်ခိုက်သည့် နယ်မြေဒေသ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်အကျပ်အတည်းကို အခြားနည်းလမ်းများဖြင့် ဖြေရှင်းရန် ရုရှားတိုက်တွန်း

မော်စကို ဩဂုတ် ၁၄

အီရတ်အကျပ်အတည်းဖြေရှင်းရာတွင် အခြားနည်းလမ်းများဖြင့် ချဉ်းကပ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ယူရီဖီဒိုတော့ဗ်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

အီရတ်ပြဿနာအား ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် အခြားနည်းလမ်းများဖြင့် ဖြေရှင်းသင့်သည်ဆိုသော အချက်ကို အီရတ်နိုင်ငံမှ တဖြည်းဖြည်း ပိုမိုဆိုးရွားလာသည့် အခြေအနေက ရှင်းလင်းပြတ်သားစွာ ပြသနေကြောင်း ဖီဒိုတော့ဗ်က ပြောကြားသည်ဟု အင်တာဖက်စ် သတင်းဌာနက ကိုးကားဖော်ပြသည်။

တိုက်တွန်း

ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမှတ်–၁၅၄၆ ကို အတည်မပြုမီက ကျယ်ပြန့်သည့် ဆွေးနွေးပွဲကို အလေးထားကာ အီရတ်နိုင်ငံ၌ တည်ငြိမ်အေးချမ်းသည့် အသွင်ကူးပြောင်းရေးပုံစံကို ဖော်ဆောင်ရန် ရုရှားနိုင်ငံက တိုက်တွန်းခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ဖြစ်ထွန်း

ယင်းကဲ့သို့ဆွေးနွေးမှုသည် အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်ကိုဖြစ်ထွန်းစေပြီး အီရတ် အခြေအနေဖြေရှင်းရေးအတွက် ဩဇာတိက္ကမရှိသည့် နိုင်ငံရေးအုပ်စုအားလုံး ပါဝင်ရမည်ဖြစ်ကြောင်း ရုရှား ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ဝမ်းနည်းဖွယ်ရာ ကောင်းသည်မှာ အခြားဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်း အဖွဲ့ဝင်ငါးနိုင်ငံအနက် တစ်နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံသည် အမေရိကန် ဦးဆောင်သည့် အီရတ်စစ်ပွဲကို ပြတ်ပြတ်သားသား ဆန့်ကျင်ခဲ့သည်။ သို့ရာတွင် အီရတ်စစ်ပွဲပြီးဆုံးပြီးနောက် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ကုလသမဂ္ဂက ပိုမိုအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားရန် ရုရှားက တိုက်တွန်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြန်ပေးအဆွဲခံရသော ဗြိတိသျှ သတင်းထောက်ကို အီရတ်သေနတ်သမားများက ပြန်လွှတ်ပေး

ဘာဆာရာ ဩဂုတ် ၁၄

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ပြန်ပေးဆွဲခံခဲ့ရသော ဗြိတိသျှသတင်းထောက်တစ်ဦးကို သေနတ်သမားများက သောကြာနေ့တွင် ပြန်လည်လွှတ်ပေးလိုက်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ဗြိတိန်နိုင်ငံမှ ဆန်းဒေးတယ်လီဂရပ်ဖ် သတင်းစာအတွက် အလုပ်လုပ်ကိုင်နေသူ သတင်းထောက် ဂျိမ်းစ်ဘရန်ဒွန်ကို ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါ၏ ဘာဆာရာ ရုံးခွဲသို့ လွှဲပြောင်းပေးအပ်လိုက်သည်။

မိမိသည် ဆာဒါ၏ မီဒီတပ်ဖွဲ့ကို ကျေးဇူးတင်ရှိကြောင်း၊ ယခုအခါ မိမိ၏ ကျန်းမာရေးမှာ ကောင်းမွန်လျက်ရှိကြောင်း ပြန်လည်လွှတ်မြောက်လာပြီးနောက်ဘရန်ဒွန်က ပြောကြားသည်။

ဓားစာခံဖမ်းသူများသည် မိမိအား အစောပိုင်းတွင် ခပ်ကြမ်းကြမ်းပြုမူဆက်ဆံခဲ့ကြသော်လည်း နောက်ပိုင်းတွင် သဘောထား ပျော့ပျောင်းစွာဖြင့် ဆက်ဆံခဲ့ကြောင်း ဘရန်ဒွန်က ပြောကြားသည်။

ခုခံတိုက်ခိုက်

ဆာဒါ၏ မီဒီတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၅ ရက်မှစတင်၍ အမေရိကန်တပ်ဖွဲ့ကို ခုခံတိုက်ခိုက်ခဲ့ကြသည်။

ဆာဒါ၏ရုံးခွဲသည် ဗြိတိသျှသတင်းထောက် ပြန်လည်လွှတ်မြောက်လာရေးအတွက် အစောပိုင်းတွင် ကြားဝင်စေ့စပ်ပြောဆိုမှုများ ပြုလုပ်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***



နာဂျက်ဖ်မြို့တွင် အီရတ်အချို့ကို အမေရိကန် တပ်ဖွဲ့ဝင်များက ဩဂုတ် ၁၂ ရက်က ထိန်းသိမ်းဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နာဂျက်ဖ်မြို့အား ကန်တို့တိုက်ခိုက်မှုကို ကန့်ကွက် ဒုတိယအုပ်ချုပ်ရေးမှူး ရာထူးမှနုတ်ထွက်

ဘဂ္ဂဒက် ဩဂုတ် ၁၄

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များနှင့် မီဒီလက်နက်ကိုင်တပ်များ တိုက်ခိုက်နေမှုသည် ဒုတိယရက်သတ္တပတ်အထိ ကြာမြင့်လာစဉ် နာဂျက်ဖ်မြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက ထိုးစစ်ဆင်နွှဲမှုအပေါ် ကန့်ကွက်သည့်အနေဖြင့် နာဂျက်ဖ်မြို့ ဒုတိယအုပ်ချုပ်ရေးမှူးသည် ရာထူးမှနုတ်ထွက်သွားကြောင်း ကာတာနိုင်ငံ အခြေစိုက် အယ်လ်ဂျာဇီယာ ရုပ်မြင်သံကြားက ကြာသပတေးနေ့တွင် ဖော်ပြလိုက်သည်။

ရာထူးမှ နုတ်ထွက်

နာဂျက်ဖ်မြို့တွင် ပြုလုပ်နေသည့် အမေရိကန်တို့၏ စစ်ဆင်ရေးမှန်သမျှ မိမိဆန့်ကျင်ရှုတ်ချပြီး မိမိ၏ရာထူးမှ နုတ်ထွက်ကြောင်း ဒုတိယအုပ်ချုပ်ရေးမှူး အယ်လ်ကူရိုင်းရှီအား ကိုးကား၍ အဆိုပါရုပ်မြင်သံကြားက ဆက်လက်ဖော်ပြသည်။

ပေါက်ကွဲမှုများနှင့် စက်သေနတ်သံများသည် နာဂျက်ဖ်မြို့ တောင်ဖျားပိုင်းဒေသများတွင် သောသောညံ ပေါ်ထွက်ခဲ့ပြီးနောက် အယ်လ်ကူရိုင်းရှီ ရာထူးမှနုတ်ထွက်မှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ မီးခိုးလုံးများ ယင်းဒေသတွင် ပေါ်ထွက်လာသည်ကို ကြာသပတေးနေ့က မြင်တွေ့ခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

နာဂျက်ဖ်မြို့လယ်တွင် တည်ရှိသည့် အီမန်အလီ ဘာသာရေးအဆောက်အအုံဆီ သွားရာလမ်းအားလုံးကို အီရတ်နိုင်ငံ သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များနှင့် အီရတ်တပ်ဖွဲ့ဝင်များက ပိတ်ဆို့ထားကြကြောင်း သတင်းများအရ သိရှိရသည်။

မီဒီလက်နက်ကိုင်တပ်များ၏ ခြေကုပ်စခန်းဖြစ်သည့် ရှီးယိုက်သချိုင်းပေါ်တွင် ရဟတ်ယာဉ်များ ပျံဝဲရင်းအားဖြည့်ထားသော အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မီဒီလက်နက်ကိုင်တပ်များသည် ကြာသပတေးနေ့ နံနက် ၇ နာရီက တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ နာဂျက်ဖ်မြို့တွင် တိုက်ခိုက်မှုသည် ဒုတိယရက်သတ္တပတ်အတွင်း ရောက်ရှိလာခဲ့ပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မီးခိုးလုံးများတက်

အီရတ်နိုင်ငံနာဂျက်ဖ်မြို့တွင်အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် မီးခိုးလုံးကြီးများ တက်လာသည်ကိုဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်မြို့လယ်ရှိ အစိမ်းရောင်ဇုန်နယ်မြေတွင် ဩဂုတ် ၁၅ ရက်က ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုကြောင့် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး ကောင်းကင်ယံတွင် မီးခိုးလုံးများ တက်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



အီရတ်နိုင်ငံ ဟီလာမြို့တွင် တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသူ အီရတ်တစ်ဦး ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေသည်ကို ဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဆမ်မာရာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် နေအိမ်တစ်လုံး ပျက်စီးသွားသည်ကို ဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

အီရတ်မြင်ကွင်း

ပျက်စီး

အီရတ်နိုင်ငံ ဆမ်မာရာမြို့တွင် အမေရိကန် စစ်လေယာဉ်များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အဆောက်အအုံများ ပျက်စီးနေသည်ကို ဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒဏ်ရာရ

ဩဂုတ် ၁၅ ရက်က မြို့တော်ဘဂ္ဂဒက်တွင် စိန်ပြောင်းကျည်ထိမှန်ခံရမှုကြောင့် ဒဏ်ရာရရှိသော အီရတ် တစ်ဦးကို ဆေးရုံ၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စိုက်ပျိုးရေးအကျိုးပြု မြစ်ရေတင်စီမံကိန်းများ

ဧရာဝတီမြစ်မှ ရေကိုတင်၍ စိုက်ပျိုးမြေများသို့ ဖြန့်ဝေပေးလျက်ရှိသည့် ပုဂံဒေသမှ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းကို တွေ့ရစဉ်။

(ဓာတ်ပုံ–ကြေးမုံ)

စိုက်ပျိုးရေးလုပ်ငန်းများအတွက် အကျိုးပြုလျက်ရှိသည့် စစ်ကိုင်းတိုင်း ကနီမြို့နယ်ရှိ ချင်းတွင်းမြစ်ရေတင်စီမံကိန်းလုပ်ငန်းကို တွေ့ရစဉ်။

(ဓာတ်ပုံ–ကလေးဝင်းသူ)

မန္တလေးတိုင်း လယ်ဝေးမြို့နယ်ရှိ ရှမ်းရွာမြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးမြေဧက ၄၀၀၀ ကို ရေဖြန့်ဝေပေးလျက်ရှိသည်။

(ဓာတ်ပုံ–စိုက်ပျိုးရေး)

စစ်ကိုင်းတိုင်း စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေ ဖြန့်ဝေပေးလျက်ရှိသည့် သဖန်းဆိပ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းကို တွေ့ရစဉ်။

(ဓာတ်ပုံ–ကြေးမုံ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

အာဆီယံတက္ကသိုလ်များ ပညာရေးဖိုရမ်ဖွင့်ပွဲ ကျင်းပ ဝန်ကြီး ဦးသန်းအောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၆

The 6th ASEAN Universities Network Educational Forum ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီး အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်အဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ASEAN Universities Network Executive Director Prof. Dr. Supachai Yavaprabhas နှင့် အရာရှိများ၊ ASEAN Universities Network အဖွဲ့ဝင်နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ASEAN Universities Network Executive Director Prof. Dr. Supachai Yavaprabhas က ASEAN Universities Network Educational Forum နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ အဆင့်မြင့်ပညာ ဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်နှင့် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစိုးရင်တို့သို့ Prof. Dr. Supachai Yavaprabhas က အထိမ်းအမှတ် လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများသည် ASEAN Universities Network Executive Director နှင့် ASEAN Universities Network အဖွဲ့ဝင်နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အမှတ်တရ ဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ The 6th ASEAN Universities Network Educational Forum သို့ ASEAN Universities Network အဖွဲ့ဝင်တက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ယနေ့မှစ၍ ဩဂုတ် ၂၇ရက်အထိ ဆွေးနွေးပွဲများနှင့် လေ့လာရေးအစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)



ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် လှထွန်းနှင့်အဖွဲ့ မြန်မာ့စီးပွားရေးဘဏ် ပုဇွန်တောင် ဘဏ်ခွဲဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(ဘဏ္ဍာ/အခွန်)

ဘဏ္ဍာ/ အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မြန်မာ့စီးပွားရေးဘဏ်ခွဲ(၂)စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းငြိမ်းတို့ လိုက်ပါ၍ ယနေ့ နံနက် ၁၀နာရီ ၄၅မိနစ်တွင် ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးနှင့် အဖွဲ့သည် ဘဏ်ခွဲ(၂)၏ ငွေသွင်း/ငွေထုတ် ကောင်တာများ၊ လယ်ဂျာဌာန၊ စာရင်းဌာနနှင့် ငွေရေတွက်စက်တို့ကိုကြည့်ရှုစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့်ဘဏ်ခွဲ(၂)တာဝန်ခံ လက်ထောက်အထွေထွေ မန်နေဂျာ ဒေါ်ခင်ချိုဦးတို့က ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ဘဏ်ခွဲအား သန့်ရှင်းသပ်ရပ်သာယာလှပစေရေး၊ လုံခြုံရေး၊ ငွေသွင်း ငွေထုတ်မှန်ကန်မြန်ဆန်စေရေး၊ စည်းကမ်းစနစ်ကျနစေရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တာမွေမြို့နယ် လက်ဝဲမင်းဒင်လမ်းပေါ်တွင် အသစ်တည်ဆောက်လျက်ရှိသည့် မြန်မာ့စီးပွားရေးဘဏ် ပုဇွန်တောင်ဘဏ်ခွဲအား သွားရောက်ကြည့်ရှုစစ်ဆေးရာ အိုလံပစ် ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ရေးတာဝန်ခံ ဦးအောင်သန်းက ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အဆောက်အအုံအား သပ်ရပ် တောင့်တင်းခိုင်မာကြံ့ခိုင်သည့် အဆောက်အအုံဖြစ်ရေး ဦးစားပေးဆောင်ရွက်ရန်နှင့် အခြားလိုအပ်ချက်များကို မှာကြားသည်။

(သတင်းစဉ်)

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြားတိုင်းပြည်များ ပညာသင်ဆုထောက်ပံ့ရေးအဖွဲ့(AOTS)တို့ ပူးပေါင်းဖွင့်လှစ်သည့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း သင်တန်းဆင်းပွဲကို ဩဂုတ်၁၃ရက် ညနေ ၆နာရီခွဲက ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။ ယင်းနောက် အသင်းချုပ်အကြံပေးပုဂ္ဂိုလ်များ၊ ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်(**ဝဲပုံ**)နှင့် ကော်မတီဝင်များက သင်တန်းဆင်း လက်မှတ်များပေးအပ်ကြသည်။

(သတင်းစဉ်)

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းလှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့်ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းဟူသည့် ရေအကျိုး၁၀ပါးကို ဆုမတောင်းဘဲရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း ၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း ၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း ၀၁-၂၈၁၀၈၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း ၀၇၁-၂၁၀၀၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်းစည်ပင် သာယာရေးအဖွဲ့) ဖုန်း ၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း ၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ကျေးဇူးရှင်မိဘများဖြစ်သော ရွှေကုန်သည် ဦးဖုန်းမော်-ဒေါ်မှို့ဥ(ခင်ဦး)တို့အား ရည်စူး၍ ရန်ကင်းမြို့နယ်(၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၁)နေဦးခင်မောင်သိန်း-ဒေါ်စန်းစန်းဝင်းနှင့်သားများက နှင်းဆီကုန်းဘိုးဘွားရိပ်သာ သုံးထပ်ဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ်တစ်သိန်းကို အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်သို့ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်လိုက်ပါလျက် ယနေ့နံနက် ၁၀နာရီခွဲတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး မော်တော်ယာဉ်များဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အဝင်လမ်းလယ်ကျွန်းများ၌ စိုက်ပျိုးထားသော အရိပ်ရပင်နှင့်အလှပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် အထွေထွေမန်နေဂျာ ဦးထွန်းလှိုင်နှင့် တာဝန်ရှိသူများက စိုက်ပျိုးထားသောအပင်အမျိုးအစားနှင့်အရေအတွက်၊ ရေရရှိရေးအတွက် ဆောင်ရွက်ထားသည့် အခြေအနေများနှင့် စိုက်ပျိုးပြီး အပင်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးသည် လေဆိပ်အဝင်လမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး လေဆိပ်အဝင် ဆိုင်းဘုတ်အရှေ့တွင် ပန်းဆိုင်းဖြင့် ပန်းကွက်များစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လေယာဉ်ပြေးလမ်းနှင့်ယှဉ်၍ ပန်းအလှပင်များ စိုက်ပျိုး ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ စိုက်ပျိုးပင်များအတွက်ရေပေးဝေသည့်ရေလှောင်ကန်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

စိမ်းလန်းစိုပြည်ရေး

ထို့နောက် ဝန်ကြီးအား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အရေးကြီးပုဂ္ဂိုလ်နားနေဆောင်၌ လေဆိပ်အထွေထွေမန်နေဂျာ ဦးထွန်းလှိုင်က လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် သစ်ပင်ပန်းမန် စိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသော အစီအမံများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စိုက်ပျိုးပင်များအတွက် ရေအလုံအလောက်ရာသီမရွေးရရှိနိုင်မည့် အစီအမံများနှင့် ဆောင်ရွက်ထားရှိမှု အစီအမံများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနအထူးအရာရှိ ဗိုလ်မှူးကြီးသိန်းဆွေက မိုးရာသီမြက်ခင်းများ ပျိုးထောင်ထားရှိမှု၊ အရိပ်ရပင်၊ အလှပင်များ၊ ရာသီပန်းမန်များ လုပ်ကွက်များခွဲ၍ စိုက်ပျိုးထားမှု အခြေအနေ၊ အပင်အမျိုးအစားနှင့် အရေအတွက်ကို ရှင်းလင်းတင်ပြသည်။

တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းများ ပီပီပြင်ပြင် ဆောင်ရွက်ရေး မှာကြားသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် အဝင်လမ်းအလယ်ကျွန်းတစ်လျှောက် အရိပ်ရပင်များ စိုက်ပျိုးထားမှုကိုကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

သာသနာ့အာဇာနည် ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၁၆

ရခိုင်ပြည်နယ်မြောက်ဦး ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူး၍ ရန်ကုန်ရှိ ရခိုင်အသင်း အဖွဲ့အစည်းများနှင့် ရခိုင်အမျိုးသား အမျိုးသမီးစုပေါင်း၍ (၅၆)ကြိမ်မြောက် တိပိဋကဓရ စာမေးပွဲကြီးတွင် တိပိဋကဓရ တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တ ကုဏ္ဍပါလ သာသနာ့အာဇာနည် အရှင်သူမြတ်အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို အောက်တိုဘာ ၃၁ရက် နံနက် ၉နာရီတွင် ရခိုင်ပြည်နယ် မြောက်ဦး၌ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည်ဥက္ကဋ္ဌ သီရိသုဓမ္မဏိဓောတရဦးကျော်မင်း ဖုန်း-၀၉၈၀-၃၄၉၆၃၊ ဒုဥက္ကဋ္ဌ သီရိသုဓမ္မဏိဓောတရ ဦးသန်းနိုင် ဖုန်း-၀၉၉၉-၂၄၃၆၃၊ အတွင်းရေးမှူး ဦးသာအေး ဖုန်း-၀၉၈၀-၂၃၃၈၆၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်အေးမောင် ဖုန်း-၀၉၉၉-၂၂၀၅၇၊ ဘဏ္ဍာရေးမှူး ဦးစောသိန်း ဖုန်း-၀၉၅၀၀-၁၃၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

အာဆီယံနိုင်ငံများရှိ အခြေခံလူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုဆိုင်ရာဖလှယ်ရေး စီမံကိန်းအပိုင်း(၃) လက်ခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင် အာဆီယံနိုင်ငံများရှိ အခြေခံလူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုဆိုင်ရာဖလှယ်ရေး စီမံကိန်းအပိုင်း(၃) လက်ခံကျင်းပရေးညှိနှိုင်းအစည်းအဝေး(၂/၂၀၀၄)တွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အာဆီယံယဉ်ကျေးမှုဖလှယ်ရေး စီမံကိန်းအပိုင်း(၃) လက်ခံကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ၏ စီမံကိန်းတစ်ခုဖြစ်သော အာဆီယံနိုင်ငံများရှိ အခြေခံလူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုဆိုင်ရာဖလှယ်ရေးစီမံကိန်းအပိုင်း(၃) လက်ခံကျင်းပရေးညှိနှိုင်းအစည်းအဝေး(၂/၂၀၀၄)ကို ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ကျင်းပရာ အာဆီယံနိုင်ငံများရှိ အခြေခံလူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုဆိုင်ရာဖလှယ်ရေး စီမံကိန်းအပိုင်း(၃) လက်ခံကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ ကျင်းပရေးဦးစီးကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အိမ်ရှင်နိုင်ငံ

ရှေးဦးစွာကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ၏ စီမံကိန်းတစ်ခုဖြစ်သော အာဆီယံနိုင်ငံများရှိ အခြေခံလူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုဆိုင်ရာဖလှယ်ရေး စီမံကိန်းအပိုင်း(၃) ဆွေးနွေးပွဲကို မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရာတွင် ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြရာ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရွေးသင့်သောသူ

☆ သူ့အိမ်ရေးရာ၊ ဝင်မပါဘဲ
စာနာချင့်တွေး၊ အေးချမ်းသာမှု
ထောက်ကူပြုသည့်၊ အပြုသဘော
အပြောအပြု၊ မပြတ်ပြုလျှင်
ပြုသောသူ၏၊ အရှိစိတ်ထား
ဘယ်အစားလဲ
ထင်ရှားသိသာ၊ ပေါ်လွင်ပါ၏။

☆ သူ့အိမ်တွင်းရေး၊ သူ့အရေးတွင်
မခေါ်ငင်ဘဲ၊ တမင်ဝင်ပါ
ဆရာဝင်လုပ်၊ ဗရုတ်ဗရက်
အခြေပျက်အောင်၊ တို့ထောင်စကား
စဉ်ပြောကြားပြီး၊ ထိပါးအမှု
မပြတ်ပြုလျှင်၊ ပြုသောသူ၏
အရှိစိတ်ထား၊ ဘယ်အစားလဲ
ထင်ရှားသိသာ၊ ပေါ်လွင်ပါ၏။

☆ ထိုသို့သောသူ၊ နှစ်မူနှစ်စား
တွေ့လာငြားက၊ စိတ်ထားဖြူစင်
ပေါ်လွင်ထင်ရှား၊ ရှိသူများသာ
လူသားအသိ၊ အမှန်ရှိပြီး
သူ့၏အကျိုး၊ ကိုယ့်အကျိုးတွက်
ချိန်စက်မျှတ၊ လူ့လောကကို
သာယာစေသူ၊ တကယ့်လူစစ်
အမှန်ဖြစ်၍
ရွေးစစ်ယူနိုင်ကြပါစေ။ ။

ပျံလွှား

(၁၀)ကြိမ်မြောက် နိုင်ငံတကာကဗျာဖတ်ပွဲ တက်ရောက်ရန် မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၏ စာတည်းမှူးချုပ် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပမည့် (၁၀)ကြိမ်မြောက် နိုင်ငံတကာကဗျာဖတ်ပွဲ (World Poetry Reading) သို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)နှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

ဩဂုတ် ၁၆ ရက်မှ ၂၂ ရက်အထိကျင်းပမည့် အဆိုပါကဗျာဖတ်ပွဲကို မလေးရှားနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ကွာလာလမ်ပူမြို့တော်ဝန်ရုံးတို့ ပူးတွဲတာဝန်ယူလျက် ပြည်တွင်းပြည်ပမှ ထင်ရှားသော ကဗျာဆရာများကို ဖိတ်ခေါ်ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့်အတူ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာနအကြံပေးအရာရှိ ဦးမျိုးသန့် (မောင်ဆုရှင်)လည်း လိုက်ပါသွားသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နေရာ စစ်ဆေး ဓာတ်ငွေ့ပိုက်လိုင်းလမ်းကြောင်း ရွေးချယ်သတ်မှတ်ပေး

ရန်ကုန်   ဩဂုတ်   ၁၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ်၁၄ရက်တွင် မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ပလိပ်သို့ရောက်ရှိကာ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအတွက် သဘာဝဓာတ်ငွေ့ရောင်းချမည့် (Compressed Natural Gas)CNG **အရောင်းဆိုင် ဖွင့်လှစ်မည့်ဆိုင်နေရာကို ကြည့်ရှုစစ်ဆေးပြီး သဘာဝဓာတ်ငွေ့ ပိုက်လိုင်း သွယ်တန်းရမည့် ပိုက်လိုင်းလမ်းကြောင်းကို ရွေးချယ်သတ်မှတ်ပေးသည်။**

ပထမဆင့်

ဝန်ကြီးအား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူး (အင်ဂျင်နီယာလုပ်ငန်း)တို့က မြင်းခြံ–ကျောက်ဆည် – ပလိပ် ၁၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း လမ်းကြောင်း အခြေအနေကိုလည်းကောင်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း တိုင်းရောင်းဝယ်ရေးအရာရှိ (မန္တလေး)က မန္တလေးမှ တံတားဦး၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ ကူမဲ၊ မိတ္ထီလာ ဓာတ်ဆီသုံး မော်တော်ယာဉ်လိုင်းများ၏ အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပလိပ် CNGအရောင်းဆိုင်ကို အမြန်ဆုံးဖွင့်လှစ်ပေးပြီး တံတားဦး၊ ကျောက်ဆည်၊ မြစ်သားနှင့် ကူမဲမှ ဓာတ်ဆီသုံးမော်တော်ယာဉ်လိုင်းများကို ပထမဆင့်အနေဖြင့် ပြောင်းလဲတပ်ဆင်ပေးသွားမည် ဖြစ်ကြောင်း၊ မန္တလေးမှ မိတ္ထီလာအထိ ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ် လိုင်းများကိုလည်း ဒုတိယဆင့် အနေဖြင့် ဆက်လက် ပြောင်းလဲပေးသွားမည်ဖြစ်ပြီး ဓာတ်ဆီမှ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်သွားနိုင်ရေး၊ ပိုက်လိုင်းတစ်လျှောက် သဘာဝဓာတ်ငွေ့ CNG အရောင်းဆိုင်များ ထပ်မံတိုးချဲ့ဖွင့်လှစ်သွားနိုင်ရေးတို့အတွက် လိုအပ်သည်များကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဩဂုတ်၁၅ရက်တွင် မန္တလေးမြို့ စက်သုံးဆီ အရောင်းဆိုင် အမှတ်(၀၆၁၂)နှင့် (၀၆၃၃)တို့သို့ ရောက်ရှိပြီး စက်သုံးဆီဖြန့်ဖြူးရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးကာ မီးဘေးအန္တရာယ် ကာကွယ်ရေး၊ လုံခြုံရေး၊ စက်သုံးဆီအချိန်အတွယ် မှန်ကန်စေရေး၊ အများပြည်သူတို့နှင့် ဆက်ဆံရေး ပြေပြစ်ကောင်းမွန်စေရေးတို့အတွက် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အမှတ်(၂) ရေနံချက်စက်ရုံ (ချောက်)သို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့က ထုတ်လုပ်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အလေအလွင့်နည်းပါးရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ရေနံစိမ်းချက်လုပ်မှု၊ ဖယောင်းကြမ်းနှင့် ဖယောင်းတိုင်ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အမြန်ဆုံးပို့ဆောင်

ဆက်လက်၍ ဝန်ကြီးသည် ချောက်ရေနံမြေ ပစ္စည်းစီမံဌာန၌ ဆိပ်သာ–ကြခင်း မြစ်ဖြတ်ပိုက်လိုင်းတွင် အသုံးပြုရန် ၁၀လက်မပိုက်များ ကွန်ကရစ်ဖုံးအုပ်ခြင်း လုပ်ငန်းသို့သွားရောက်ကာ နည်းပညာပိုင်းကို စေ့စပ်သေချာစွာ ဆောင်ရွက်ကြရေး၊ ပိုက်လိုင်း ဆက်သွယ်ရေး လုပ်ငန်းခွင်အရောက် အမြန်ဆုံးပို့ဆောင်ရေးတို့ကို မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ချောက်မြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲသို့ သွားရောက်ကာ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရေနံချောင်းရေနံမြေသို့ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ရေနံမြေအထွေထွေမန်နေဂျာတို့က တွင်းသစ်များတူးဖော်ခဲ့မှုအခြေအနေ၊တွင်းဟောင်းပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက အလားအလာကောင်းသည့်နေရာများတွင် တွင်းသစ်များ ထပ်မံတူးဖော်သွားနိုင်ရေး၊ သတ်မှတ်လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးတို့အတွက် ဆောင်ရွက်ရမည့်အစီအမံများကို ချမှတ်ပေးသည်။

(သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သော အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရေးသင်တန်း အမှတ်စဉ်(၂/၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း သင်တန်းဆင်း အမှာစကားပြောကြားစဉ်။

(စက်မှု–၁)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ဩဂုတ်၁၄ရက် ညနေပိုင်းက မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ပလိပ်သို့ရောက်ရှိကာ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအတွက် သဘာဝဓာတ်ငွေ့ရောင်းချမည့် (Compressed Natural Gas) CNG **အရောင်းဆိုင် ဖွင့်လှစ်မည့်ဆိုင်နေရာကို ကြည့်ရှုစဉ်။** (စွမ်းအင်)

အင်္ဂလိပ်ဘာသာကျွမ်းကျင်ရေး သင်တန်းဆင်းပွဲကျင်းပ ဝန်ကြီး ဦးအောင်သောင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန်   ဩဂုတ်   ၁၆

အမှတ်(၁) စက်မှုဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သော အင်္ဂလိပ်ဘာသာကျွမ်းကျင်ရေးသင်တန်း အမှတ်စဉ် (၂/၂၀၀၄) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဝင်း၊ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် အထွေထွေမန်နေဂျာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားရာတွင် ဝန်ထမ်းများ၏ အရည်အသွေး အရည်အချင်း ဖွံ့ဖြိုးတိုးတက်၍ လုပ်ငန်းခွင်၌ အမှားကင်းစင်၍ ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ သင်တန်းရပ်အသီးသီးကို ဖွင့်လှစ်သင်ကြားနေကြောင်း၊ ယခုသင်တန်းသည် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံရာ၌ နားလည်သဘောပေါက်ပြီး လုပ်ငန်းများဆက်စပ်အကောင်အထည်ဖော်ရာတွင် လျင်မြန် မြန်ဆန်စေရန် ဖြစ်ကြောင်း။

နိုင်ငံတကာနယ်ပယ်၌ ဆက်စပ်ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍတွင် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုသည် အဓိကဖြစ်ကြောင်း။

သို့ဖြစ်၍ သင်တန်းသား၊ သင်တန်းသူများသည် မိမိတို့သင်ကြား တတ်မြောက်ခဲ့ပြီးဖြစ်သော ဘာသာရပ်ကို ပို၍ကျွမ်းကျင်ရန် လေ့လာကြပြီး လုပ်ငန်းခွင်၌ အကျိုးရှိစွာ အသုံးချသွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် သင်တန်း၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းအဖွဲ့ခေါင်းဆောင်သို့ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ၂၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ဖြစ်သည်။ (သတင်းစဉ်)

သတင်းစာပညာ သင်တန်းသား၊ သင်တန်းသူများ မြန်မာ့ရုပ်ရှင်လုပ်ငန်း လေ့လာ

ရန်ကုန် ဩဂုတ် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာ သင်တန်း အမှတ်စဉ်(၁/၂၀၀၄)မှ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းမှူး ဦးညွန့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ သင်တန်းသား၊ သင်တန်းသူများအား ဓာတ်လမ်းရုပ်ရှင် အသံခန်းမ၌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဓာတ်လမ်းရုပ်ရှင်ရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးစန်းနွယ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး လက်ထောက် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ဦးမြသန်းက ရုပ်ရှင်ထုတ်လုပ်မှုလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများသည် မြန်မာ့ရုပ်ရှင်လုပ်ငန်းရှိ ကူးဆေးလုပ်ငန်း၊တည်းဖြတ်လုပ်ငန်း၊ ရိုက်ကူးရေးလုပ်ငန်းနှင့် အသံလုပ်ငန်းများကို လေ့လာကြသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများသည် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဓာတ်လမ်းရုပ်ရှင် အသံခန်းမ၌ ပြသသော "နှလုံးလှလှမိုက်" ရုပ်ရှင်ဓာတ်ကားကိုကြည့်ရှုကြပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားခေါင်းဆောင် ကိုမိုးကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာ သင်တန်း အမှတ်စဉ်(၁/၂၀၀၄)မှ သင်တန်းသား၊ သင်တန်းသူများ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ သွားရောက်လေ့လာကြစဉ်။

(သတင်းစဉ်)

❑ **လယ်ယာ/ဆည်မြောင်းမှ**

တည်ဆောက်ပြီးစီးရေး၊ ဤဒေသသည် နွေရာသီ၌ စိုက်ပျိုးရေ၊ သောက်သုံးရေ ခက်ခဲမှုရှိသဖြင့် ယခုမိုးရာသီမှစ၍ ရရှိသမျှ စီးဝင်ရေသိုလှောင်ပြီး အကျိုးရှိရှိ အသုံးပြုရေးမှာကြားသည်။

ယင်းနောက် တည်ဆောက်ပြီး ပင်မတမံနှင့် တည်ဆောက်အချောကိုင်လုပ်ငန်းဆောင်ရွက်နေသည့် ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်လုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

တမာပိုးသတ်ဆေးစက်ရုံ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း ပခုက္ကူမြို့ရှိ တမာပိုးသတ်ဆေးစက်ရုံသို့ ရောက်ရှိပြီးပြည်တွင်းရှိ စက်မှုလက်မှုအလုပ်ရုံများမှ တီထွင်ထုတ်လုပ်သည့် စက်ပစ္စည်းကိရိယာ၊ ပေါင်းအိုးများဖြင့် တမာစေ့မှ ပိုးသတ်ဆေးရည်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်ကြမ်းအဖြစ် အသုံးပြုသော တမာစေ့များ နေလှန်းအခြောက်ခံ သိုလှောင်ထားမှု၊ ဈေးကွက်သို့တင်ပို့မည့် တမာပိုးသတ်ဆေးရည်ပုလင်းများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက တမာဆီ၊ တမာပိုးသတ်ဆေးရည်နှင့် တမာကြိတ်မှုန့် မြေဩဇာထုတ်လုပ်မှုတို့ကို ပြသရှင်းလင်းသည်။

ယင်းနောက် ဝန်ကြီးသည် ပခုက္ကူမြို့နယ် ဧရာဝတီမြစ်မြောက်ဘက်ခြမ်း ရွှေတန့်တစ်ကျေးရွာနှင့် မယ်တော်လှဘုရားကြားဒေသတွင် စိုက်ပျိုးရေရရှိရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်နေသည့် ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြသည်။

ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စီမံကိန်းတာဝန်ခံတို့က ဧရာဝတီမြစ်မှ ရေကိုပင်မမြောင်း၊ လက်တံမြောင်းများဖြင့် စီမံကိန်းဧရိယာ ဧကငါးထောင် ရေပေးမည့်လုပ်ငန်း၊ တူးမြောင်းများအတွက် မြေကြီးလုပ်ငန်း၊ တူးမြောင်းအဆောက်အအုံ လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးသည် ပင်မရေပေးတူးမြောင်းနှင့် ရေငြိမ်ကန်တည်ဆောက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်မြစ်ရေတင်

ထိုမှတစ်ဆင့် ဝန်ကြီးသည် စက်လှေဖြင့် ဧရာဝတီမြစ်ကမ်းဘေး ဝဲ၊ယာ၌ရှိသော လျှပ်စစ်မြစ်ရေတင် စီမံကိန်းစခန်းများ အခြေအနေ၊ ဧရာဝတီမြစ် ရေစီးရေလာနှင့်မြစ်ကမ်းတစ်လျှောက်ရှိ ရေဘေးကာကွယ်ရေး တာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည်မန္တလေးတိုင်း မြင်းခြံခရိုင်အတွင်းရှိ ဧရာဝတီမြစ်၏ စွန်ကန်ရေကာတာတမံနှင့် ရေတံခါးများ တာအိမှု၊ ကျွံကျမှု ရှိ-မရှိကို တက်ရောက်ကြည့်ရှု စစ်ဆေးရာ မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက မန္တလေးတိုင်းအတွင်းရှိ ဧရာဝတီမြစ် ရေကာတာတမံများအား ထိန်းသိမ်းပြုပြင်ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက မြစ်ရေကျဆင်းသည်နှင့် ရေတံခါးပေါက်များ၊ မြစ်ရေကာတာတမံများ၊ ကြံ့ခိုင်တောင့်တင်းအောင် ပြုပြင်ရေး၊ သီးနှံပြန်လည်စိုက်ပျိုးရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်လှေဖြင့် ဧရာဝတီမြစ်အတွင်း မြစ်ရေကာတာတမံများ ပြုပြင်ထိန်းသိမ်းမှု၊ ရေတံခါးများ ကြံ့ခိုင်တောင့်တင်းအောင် ပြုပြင်နေမှုကို စစ်ဆေးသည်။

ကျောဇီကျေးရွာ

ထို့နောက် မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောဇီကျေးရွာတွင် ဧရာဝတီမြစ် ရေကာတာတမံ အနည်းငယ်ထိခိုက်ပျက်စီးမှုကို စက်ယန္တရားများဖြင့် မြေဖို့ပြုပြင်မှုကို ကြည့်ရှုစစ်ဆေးပြီး ရေကာတာတမံကို ကြံ့ခိုင်တောင့်တင်းအောင် ပြန်လည်ထိန်းသိမ်းပြုလုပ်နိုင်ပြီဖြစ်၍ မြစ်ရေကျသည်နှင့် ရေပေးတူးမြောင်းများ ပြန်လည်တူးဖော်ပြုပြင်ရေး၊ ရေကျနောက်စိုက်စပါးများ အချိန်မီစိုက်ပျိုးရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တောင်သာမြို့နယ် အနောက်မြောက်ခြမ်းရှိ ကျေးရွာအုပ်စုများ စိုက်ပျိုးရေ ရရှိရေးအတွက် တည်ဆောက်ထားသည့် ကျောဇီ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး ဧရာဝတီမြစ်အတွင်းရှိ ရေတင်စက်ရုံမှ ရေငြိမ်ကန်သို့ ရေပေးမှု၊ ရေငြိမ်ကန်မှ ပင်မရေပေးမြောင်းနှင့် ထပ်ဆင့်ရေတင်စခန်းများသို့ ရေပေးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည်ညောင်ဦးခရိုင် အုန်းချောင်းကျေးရွာ အနီးရှိ ငါ့သရောက်လျှပ်စစ် မြစ်ရေတင်စီမံကိန်း၏ ရေတင်စခန်း အမှတ်(၂)မှ မြစ်ရေ စုပ်တင်ပေးဝေမှု၊ ယာမြေမှ လယ်မြေပုံစံပြောင်း ကန်သင်းများ ပြုပြင်ကန့်သတ်ထားမှု၊ မိုးစပါးစိုက်ပျိုးရန် မြေယာပြုပြင်ပြီး လယ်ကွက်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ညောင်ဦးခရိုင် ငါ့သရောက်မြို့၏ အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာတွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့် ငါ့သရောက်ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိပြီး မြေသားတမံတည်ဆောက်မှုလုပ်ငန်းမှ ရေစိမ့်တားနံရံ ကွန်ကရစ်လောင်းမှုကိုစက်ယန္တရားများဖြင့် လုပ်ကိုင်နေမှုကို ကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေးတာဝန်ခံက တမံအလျားပေ ၇၅၅၀တွင် ရေစိမ့်တားနံရံ ကွန်ကရစ်လောင်းမှု အရှည်ပေ ၄၀၀၀ ပြုလုပ်ရန် ဆောင်ရွက်နေရသည့် လုပ်ငန်းပိုင်းကို ပြသရှင်းလင်းသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဝန်ကြီးသည် ပင်မတမံ မြေသားဖို့လုပ်ငန်းနှင့် ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန် တည်ဆောက်မှု၊ ပင်မတမံ ပြီးစီးမှုအပိုင်းကို စတင် အချောကိုင်ပြုလုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ညောင်ဦးမြို့ လေယာဉ်ကွင်း ပတ်ဝန်းကျင် စိုက်ပျိုးခင်းများ စိုက်ပျိုးရေ ရရှိရေးအတွက် တည်ဆောက်နေသည့် ကျောက်ကူး လျှပ်စစ်မြစ်ရေတင် လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

စီမံကိန်းတာဝန်ခံက ဧရာဝတီမြစ်မှ ရေကို လျှပ်စစ်မော်တာရေတင်စက်များဖြင့် ဧက သုံးထောင် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေရရှိရေးအတွက် ပင်မရေတင်အဆင့်နှင့် ထပ်ဆင့်ရေတင်အဆင့်များ၊ ရေပေးတူးမြောင်းများ တည်ဆောက်မှုကို ပြသရှင်းလင်းသည်။

ဝန်ကြီးသည် စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့ပြဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာစက်ရုံနှင့် ဆက်သွယ်ရေးလုပ်ငန်းများ အမြန်ပြီးစီးအောင်ဆောင်ရွက်ကြရန် တာဝန်ခံများအား မှာကြားသည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇) ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၄) ခင်းကျင်း ပြသထားမှုကို ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မန်နေဂျင်း ဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း) ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

✻ **ပြည်ထောင်စုမှ**

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)သည် နံနက် ၁၁နာရီခွဲတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိလာပြီး အရောင်းခန်းမ မြေညီထပ်ဘေးဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းတုံးများကိုလည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမ အလယ်ထပ်နှင့် အပေါ်ဆုံးထပ်ရှိ ကျောက်မျက်အတွဲများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)သည် ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို ကြည့်ရှုလေ့လာနေကြသော ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၁၆၄တွဲ၊ ကျောက်မျက် အတွဲပေါင်း ၃၂၃တွဲတို့ကို တင်ဒါစနစ်/ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည် ဖြစ်သည်။

ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများကို ရတနာကုန်သည်များက ယနေ့မှ ဩဂုတ် ၁၈ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ကြည့်ရှုလေ့လာကြမည် ဖြစ်ပြီး ဩဂုတ် ၁၉ရက် နံနက် ၉နာရီတွင် ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို BARGAIN စနစ်၊ AUCTION စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၅၃၇ဦးနှင့် ပြည်ပရတနာကုန်သည် ၁၀၅ဦးစုစုပေါင်း ရတနာကုန်သည် ၆၄၂ဦးတို့ ရောက်ရှိနေကြပြီး ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေး ဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၄)တွင် ရတနာကုန်သည်များက ကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အိမ်တွင်းကျန်းမာရေးစောင့်ရှောက်မှု အခြေခံတိုင်းရင်းဆေးပညာ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အိမ်တွင်းကျန်းမာရေးစောင့်ရှောက်မှု အခြေခံတိုင်းရင်းဆေးပညာသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ အရာရှိကြီးများ၏ဇနီးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မြတ်မြတ်အုန်းခင်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

❍ **L.G ဖလားမှ**

နောက်တန်း- စိုးမြတ်မင်း (ဘဏ္ဍာ/အခွန်)၊ မင်းသူ (စီးပွားကူးသန်း)၊ ဇော်ထက်အောင်(စွမ်းအင်)၊ စိုးလင်းထွန်း(ဘဏ္ဍာ/အခွန်)၊ မိုးကျော်သူ (ဘဏ္ဍာ/အခွန်)၊ ဝင်းမင်းထွဋ်(ပို့ဆောင်ရေး)၊ အောင်ဝင်းနိုင် (မြို့တော်စည်ပင်)၊ အလယ်တန်း- အောင်ကျော်မိုး (ဘဏ္ဍာ/အခွန်)၊ ဇော်ဇော် (မြို့တော်စည်ပင်)၊ စန်းမောင် (ကာကွယ်ရေး)၊ မာလ (စီးပွားကူးသန်း)၊ ဘိုဘိုအောင် (စီးပွားကူးသန်း)၊ မျိုးမင်းထွန်း (စီးပွားကူးသန်း)၊ ရှေ့တန်း- ရန်ပိုင်(ဘဏ္ဍာ/အခွန်)၊ ထွန်းမင်းဦး (ကမ္ဘောဇ)နှင့် ဇော်ထိုက် (ဘဏ္ဍာ/အခွန်)တို့ ဖြစ်ကြသည်။

အပြီးသတ် ရွေးချယ်ရာတွင် ကျော်မင်းလှိုင်(ဂိုး) (စွမ်းအင်)၊ အောင်ကျော်မိုး-၂(စွမ်းအင်)၊ ဟန်ဝင်းအောင်(ကမ္ဘောဇ)၊ မောင်မောင်အောင် (ကာကွယ်ရေး)နှင့် နိုင်ဝင်း(စွမ်းအင်)တို့ ငါးဦး မပါဝင်ဘဲ ကျန်ခဲ့သည်။

ပြိုင်ပွဲတွင် မြန်မာအသင်းသည် အိမ်ရှင်ဗီယက်နမ်၊ အိန္ဒိယအသင်းတို့နှင့် တစ်အုပ်စုတည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ပြိုင်ပွဲဝင်ရန် ဩဂုတ် ၁၈ ရက်တွင် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားမည်ဖြစ်ကြောင်းသိရသည်။

(ကြေးမုံ)

တတိယတန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ တတိယတန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ပထမပတ်၌ စတင်ကျင်းပမည်။

ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တတိယတန်းအသင်းများသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ဩဂုတ် ၂၀ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ စာရင်းပေးသွင်းခြင်း မရှိသော အသင်းများအား ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ကြောင်း တတိယတန်းခြေစစ်ဘောလုံး ပြိုင်ပွဲဝင်အသင်းများကို အစားထိုး ယှဉ်ပြိုင်စေမည်ဖြစ်သည်။

(သတင်းစဉ်)

အာဟာရတိုက်ကျွေး

ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် သာကေတ အမက(၁)၌ အာဟာရ ထာဝရအလှူရှင် ဒေါက်တာတင်စိုးလင်း (ရွှေပုစွန်မိသားစု)က ကျောင်းသား၊ ကျောင်းသူ ၅၀၀ ကျော်အား သာဂူတိုက်ကျွေးစဉ်။

(က-ပ)



အာဆီယံ–တရုတ် မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ စည်းဝေး

ရန်ကုန် ဩဂုတ် ၁၆

အာဆီယံနှင့် တရုတ်နိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း (ASEAN and China Cooperative Operations in Response to Dangerous Drugs-ACCORD) ၏ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ တတိယအကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park-royal ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်နိုင်ငံ၊ UNODC(ဗန်ကောက်၊ ရန်ကုန်)တို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ ဖိတ်ကြားထားသော ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ မူးယစ်ဗဟိုရုံးမှ တာဝန်ရှိသူများနှင့် လေ့လာသူများ စုစုပေါင်း ကိုယ်စားလှယ် ၄၁ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံအလိုက် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို အသီးသီး တင်ပြဆွေးနွေးကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပုသိမ်အသင်း (ရန်ကုန်)၏ အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရေးထောက်ပံ့မှုငွေပဒေသာပင် စိုက်ထူလှူဒါန်းကြသူများအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို ဩဂုတ် ၁၅ရက်က ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အနီးရှိ ရောဝတီတိုင်းဓမ္မာရုံတွင်ကျင်းပရာ အသင်းသူ၊ အသင်းသားများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (က–ပ)

မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ စိုးကျော်နိုင်က (၂၈၈)ချက်ဖြင့် ပထမရရှိ

ရန်ကုန် ဩဂုတ် ၁၆

Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ် Shwesaryan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် မန္တလေးမြို့ Shwesaryan Golf Resort ၌ ကျင်းပသည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းကစားအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ Kaung Myat Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်မြင့်က အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု(Daily Best) ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား လည်းကောင်း၊ M.P.G.A နှင့် M.G.Fအမှုဆောင် ဦးကိုကိုလေးက Professional Golfers ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား လည်းကောင်း ဆုများချီးမြှင့်ကြသည်။

အပျော်တမ်းပြိုင်ပွဲ

ဆက်လက်၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပုက အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် စုစုပေါင်း ၃၀၂ချက်ဖြင့် ပထမရရှိသော မျိုးမင်းအောင်၊ စုစုပေါင်း ၃၀၄ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇင်ဝင်း၊ စုစုပေါင်း ၃၀၆ချက်ဖြင့် တတိယရရှိသော နိုင်နိုင်လင်းတို့အား ဆုများကို ချီးမြှင့်သည်။

ယင်းပြိုင်ပွဲတွင် ပထမရရှိသော မျိုးမင်းအောင်အား Tiger Beer ၊ Air Mandalay၊ Wilsonနှင့် KM Golf Centre တို့ကလည်း ထပ်မံ၍ ဂုဏ်ပြုဆုများကို ချီးမြှင့်ကြသည်။

စိုးကျော်နိုင် ပထမ

ဆက်လက်၍ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းက Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်း ၂၈၈ချက်ဖြင့် ပထမရရှိသော စိုးကျော်နိုင် (Pan-West)၊ စုစုပေါင်းရိုက်ချက် ၂၉၀ ဖြင့် ဒုတိယရရှိသော ဇော်ဇော်လတ် (Pan-West) ၊ စုစုပေါင်း ၂၉၅ချက်စီဖြင့် ပူးတွဲ တတိယရရှိကြသော အောင်ဝင်း (Y.C.D.C) နှင့် မင်းနိုင်(Srixon) တို့အား ဆုများကို ချီးမြှင့်သည်။

ယင်းပြိုင်ပွဲတွင် ပထမရရှိသော စိုးကျော်နိုင် (Pan-West) အား Air Mandalay က ရန်ကုန်–မန္တလေး–ရန်ကုန် အသွားအပြန် လေယာဉ်လက်မှတ်ကို ထပ်မံချီးမြှင့်သည်။

ဆက်လက်၍ Rothmans of Pall Mall Myanmar Pte., Ltd. ဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်စန်းက Professional Golfers ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော စိုးကျော်နိုင်(Pan-West) အား ဆုကြေးငွေ ချက်လက်မှတ်ကို ပေးအပ်သည်။

ထို့နောက် Rothmans of Pall Mall Myanmar Pte., Ltd. Joint Deputy မန်နေဂျင်း ဒါရိုက်တာ ဗိုလ်မှူးသိန်းအောင်(ငြိမ်း)က Shwesaryan Golf Resort ကို ဂုဏ်ပြုအမှတ်တရလက်ဆောင် ချီးမြှင့်ပေးအပ်ရာ Kaung Myat Co., Ltd. ဒါရိုက်တာ ဦးသိန်းတန်ဆွေက လက်ခံသည်။

ထပ်မံပံ့ပိုး

မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ် Shwesaryan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်ပွဲရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား ဦးလော်စစ်ဟန်၊ Mandalay Golf Association၊ Hi Tech Co., Ltd.၊ Hi Tech Myanmar Cement Co., Ltd. တို့ကလည်း ဆုများကို ထပ်မံ၍ ပံ့ပိုးကြသည်။

ယင်းပြိုင်ပွဲကို Tour Sponsors အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd. က ဆောင်ရွက်ပြီး Co-Sponsors များ ဖြစ်ကြသော Air Mandalay ၊ Tiger Beer၊ Alpine Drinking Water၊ Htoo Trading၊ KM Golf Centre ၊ Maruman၊ Tour Stage၊ Srixon ၊ Wilson ၊ Grand-Slam (Munsing Wear)၊ ACCEL International Co., Ltd (Canon)၊ Sedona Hotel (Mandalay)၊ Sun Far Travels & Tours တို့က ထပ်မံ၍ ကူညီပံ့ပိုးပေးကြသည်။

ပထမပွဲစဉ် Shwesaryan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် (Organized by Han Event Management)က တာဝန်ယူဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အမက(၃)မှ ချို့တဲ့ကျောင်းသူ၊ ကျောင်းသား ၅၃ဦးအား ကျောင်းဝတ်စုံများ ထောက်ပံ့ခြင်း၊ ကျောင်းဆရာမ ၂၀ဦးအား ဝတ်စုံများပေးအပ်ခြင်းနှင့် ကျောင်းသူ၊ကျောင်းသား ၃၀၀ကျော်တို့အား အာဟာရကျွေးမွေးလှူဒါန်းခြင်းကို ဩဂုတ် ၁၆ရက်က အလှူရှင် ဦးကျော်ရင်–ဒေါ်အမာကြည်တို့က ကျောင်းသားဟောင်း မောင်မိုးသူရိန်ကျော်၏ မွေးနေ့အလှူအဖြစ် ကျောင်းခန်းမတွင်ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူထံ ဝတ်စုံများ ပေးအပ်စဉ်။ (၃၂)

Rothmans of Pall Mall Myanmar Pte., Ltd. ဥက္ကဋ္ဌ ဗိုလ်မှူးကြီး အောင်စန်း Professional Golfers ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော စိုးကျော်နိုင် (Pan-West) အား ဆုကြေးငွေ ချက်လက်မှတ်ကို ချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ပြည်တွင်းရေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ရေယာဉ်ဖြတ်သန်းပြေးဆွဲမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၂ ရက်တွင် ပြည်မြို့သို့ရောက်ရှိပြီး ပြည်မြို့ နဝဒေးတံတားကြီးအနီး ရေစီးရေလာအခြေအနေနှင့် သတ်မှတ်အစုန်/အဆန် မြစ်ရေလမ်းကြောင်းအခြေအနေ၊ ပြည်မြို့ဆိပ်ခံတွဲနှင့် ရေယာဉ်များ ပြေးဆွဲဆိုက်ကပ်ထားရှိမှုအခြေအနေတို့ကိုလည်းကောင်း၊ အောင်လံမြို့ မြို့နယ်မန်နေဂျာရုံးနှင့် ဆိပ်ခံတွဲကြံ့ခိုင်မှုစွမ်းအား အခြေအနေ၊ ဆိပ်ကမ်းအခြေအနေ၊ သရက်–အောင်လံဇက်ကူးတို့ ဇက်(၁၁၃) ရေယာဉ်နှင့် မော်တော်ယာဉ်များ တင်ဆောင်ပြေးဆွဲနေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ရေယာဉ်ကြံ့ခိုင်မှုရှိရေး၊ မတော်တဆမှု ကြိုတင်ကာကွယ်ရေးတို့အတွက် စဉ်ဆက်မပြတ်သတိပေး ညွှန်ကြားမှုပြုလုပ်ရန် မှာကြားသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ဩဂုတ် ၁၃ ရက်တွင် မကွေးမြို့ ဧရာဝတီတံတား(မကွေး)၏ ရေလမ်းကြောင်းအခြေအနေ၊ ဧရာဝတီမြစ် ရေစီးရေလာအခြေအနေနှင့် ရေယာဉ်များ သတ်မှတ်ရေလမ်းကြောင်းများမှ ဖြတ်သန်းရမည့်အခြေအနေနှင့် မကွေးမြသလွန်ဘုရားကြီး ခြေတော်ရင်းဆိပ်ကမ်း၌ ထားရှိမည့် စစ်ဆေးရေးစခန်းတို့ကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူ စစ်ဆေးရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ရေယာဉ်များ စီမံကိန်းဝင်တံတားကြီးများကို ဖြတ်သန်းခွင့်ပြုရာတွင် အဖွဲ့ဖြင့်စစ်ဆေးရေး၊ အစစ်ဆေးခံမည့် ရေယာဉ်ကြီးများစစ်ဆေးရေးစခန်းတွင် အန္တရာယ်ကင်းစွာ အစစ်ဆေးခံနိုင်ရေး၊ ရေယာဉ်များ အစုန်/အဆန် ဖြတ်သန်းရာတွင် သတ်မှတ်ရေလမ်းကြောင်းအတွင်းမှ အန္တရာယ်ကင်းစွာ ဖြတ်သန်းရေးအတွက် ရေယာဉ်မှူး/ရေယာဉ်အုပ်များကအထူးဂရုပြု မောင်းနှင်ကြရေး၊ ဌာနမှထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ အန္တရာယ်ကင်းစွာ ဖြတ်သန်းနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်မန်နေဂျာများက စဉ်ဆက်မပြတ် ကြပ်မတ်ကွပ်ကဲသွားရန် မှာကြားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇–၈–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အကပြိုင်ပွဲ
၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ ကချင်ပြည်နယ်မိုးကောင်းတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ EnglishforEverydayUse.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (အထူးပြုအားလုံး)(အင်္ဂလိပ်စာ)
၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၃၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
၅:၄၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၅ ၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မျောက်မင်းဂူနန်း" (အပိုင်း–၁၆)**
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ တေးဂီတအစီအစဉ်
၇:၁၅ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၇:၃၀ ၁၄။ ကြေးမုံရိပ်သွင် တေးနုယဉ်
၇:၄၀ ၁၅။ စိမ်းနေဦးမည်တို့မြန်ပြည်
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တစ်ရံရောအခါ" (အပိုင်း–၁၄)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

● အဖွဲ့ချုပ်မှ

အဖွဲ့ချုပ်လူငယ်လက်ရွေးစင်အသင်းအတွက် ယနေ့ လက်ရည်စမ်းပွဲသည် အသင်းဖွဲ့စည်းပြီး ပထမဦးဆုံး နိုင်ငံတကာပွဲဖြစ်သဖြင့် အတွေ့အကြုံနည်းကာ အကောင်းဆုံး လက်စွမ်းကို ထုတ်မပြနိုင်ခဲ့ပေ။ အဖွဲ့ချုပ်လူငယ်အသင်းမှာ ကစားပုံကောင်းပြီး ရိုက်ခုတ်မှုရော၊ ဆယ်မမှုရော ကောင်းသော်လည်း တစ်ခါတစ်ရံ နားလည်မှုလွဲပြီး မပေးသင့် သောအမှတ်များပေးခဲ့ရသည်။ အဖွဲ့ချုပ်လူငယ်အသင်းသည် နိုဝင်ဘာလတွင် ကျင်းပမည့် အရှေ့တောင်အာရှ လူငယ် ဘော်လီဘော ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသော အသင်းဖြစ်ပေရာ ပြိုင်ပွဲမတိုင်မီ ယခုကဲ့သို့ နိုင်ငံတကာ လက်ရည်စမ်းပွဲကစားခွင့်ရသည့်အတွက် ကစားသမားများအနေဖြင့် အတွေ့အကြုံသစ်များ ရရှိခဲ့ပေသည်။ အေအိုင်အေအသင်းမှာ ပထမပွဲထက် အမှားနည်းစွာကစားနိုင်ခဲ့ပြီး အဖွဲ့ချုပ် လူငယ်အသင်းကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားနိုင်ခဲ့သည်။

ကလေးတွေအားလုံး နိုင်ငံတကာပွဲ အတွေ့အကြုံရရှိအောင် လူများများ လဲကစားခဲ့ကြောင်း ပြောကြားသွားသူ အဖွဲ့ချုပ် လူငယ်အသင်းနည်းပြချုပ် ဦးစောဟင်နရီ။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ပထမပွဲငယ်

ပထမပွဲငယ်အစတွင် အေအိုင်အေအသင်းက ပိတ်ဆို့မှုကောင်းပြီး ရိုက်ခုတ်ချက်များလည်း ပြတ်သားလာ၍ ဦးဆောင်မှတ်များ စတင်ရရှိခဲ့သည်။ အဖွဲ့ချုပ်လူငယ်အသင်းမှာ ပွဲအစပိုင်းတွင် စိုးရိမ်စိတ်များ၍ အတွဲမမိဖြစ်နေသော်လည်း တဖြည်းဖြည်းအတွဲမိလာ၍ အမှတ်များ ပြန်လည်ရယူနိုင်လာရာ ၁၃–၁၃မှတ်တူလာသည်။ပွဲချိန်ကြာလာသည်နှင့်အမျှ အဖွဲ့ချုပ်လူငယ်အသင်း အချိတ်အဆက်မိလာသည်။ ဘယ်ခြမ်းမှ အများဆုံးရိုက်ပြီး ရိုက်ခုတ်ချက်များကိုလည်း တစ်ဖက်အသင်း မဆယ်မနိုင်၍ ပထမပွဲငယ်အပြီးတွင် အဖွဲ့ချုပ်လူငယ်အသင်းက ၂၅မှတ်–၂၁မှတ်ဖြင့် အနိုင်ရရှိသွားသည်။

ဒုတိယပွဲငယ်အစတွင် အဖွဲ့ချုပ်လူငယ်အသင်းအမှားများ၍ အမှတ်များ စတင်ပေးလိုက်ရသည်။ အဖွဲ့ချုပ်လူငယ်အသင်းကလည်း ကစားပုံပြန်ငြိမ်လာပြီး အမှတ်များပြန်လည်ရယူနိုင်လာရာ အေအိုင်အေအသင်းနှင့်အဖွဲ့ချုပ်လူငယ်အသင်းတို့ အမှတ်များ သူတစ်ပြန်ကိုယ်တစ်ပြန် ဖြစ်လာသည်။ အေအိုင်အေအသင်းက အမှတ်အသာဖြင့် ဦးဆောင်ကစားနိုင်သော်လည်း အဖွဲ့ချုပ်လူငယ်အသင်းက အမှတ်များပြန်လည်ရယူကာ ထက်ကြပ်မကွာလိုက်လာရာ ပွဲငယ်ပြီးခါနီးတွင် အဖွဲ့ချုပ်လူငယ်အသင်းက ၂၄မှတ်–၂၃မှတ်ဖြင့် တစ်ကျော့ပြန်ဦးဆောင်ခွင့် ရသွားသည်။ အဖွဲ့ချုပ် လူငယ်အသင်းမှာ တစ်မှတ်ထပ်ရလျှင် ပွဲသိမ်းနိုင်သော်လည်း အေအိုင်အေအသင်းက အမှတ်များဆက်တိုက်ရယူသွားရာ ၂၆မှတ်–၂၄မှတ်ဖြင့် အေအိုင်အေအသင်းက ပွဲသိမ်းလိုက်သည်။ ယခုပွဲတွင် အဖွဲ့ချုပ်လူငယ်အသင်းသည် ကစားသမားများ အတွေ့အကြုံရရှိရေးရည်ရွယ်၍ ကစားသမားငါးဦးလဲကစားခဲ့သည်။ ယခုပွဲငယ်တွင် အဖွဲ့ချုပ် လူငယ်အသင်းမှ စည်သူထွန်းကစားရင်း ခြေကျင်းဝတ်၌ ဒဏ်ရာရသွား၍ လူလဲကစားခဲ့ရသည်။

တတိယပွဲငယ်

တတိယပွဲငယ်တွင်လည်း အဖွဲ့ချုပ်လူငယ်အသင်းသည် ကစားသမားများကို ပုံသေမကစားဘဲ လူစားလဲလှယ်ကစားခဲ့သည်။ ယခုပွဲငယ်တွင် အဖွဲ့ချုပ်လူငယ်အသင်းသည် အနိုင်ရရှိရန် ပွဲငယ်စကတည်းက ကြိုးစားကစားခဲ့ကြသည်။ အေအိုင်အေအသင်းမှာ အရပ်အမောင်း မြင့်မားသော ကစားသမားများဖြစ်၍ အဖွဲ့ချုပ် လူငယ်အသင်းမှာ ရိုက်ခုတ်ရာတွင် အခက်အခဲများ ရှိသော်လည်း နည်းစုံ၊ ပရိယာယ်မျိုးစုံဖြင့် တိုက်စစ်ဆင်ကာအမှတ်များဆက်တိုက် ရယူနိုင်ခဲ့သည်။ အေအိုင်အေအသင်း အဖွဲ့ချုပ် လူငယ်အသင်းကို အမှတ်မီရန် ကြိုးစားသော်လည်း အဖွဲ့ချုပ်လူငယ်အသင်းက ရှေ့မှအမှတ်များ ဆက်တိုက်ရယူနိုင်ခဲ့၍ ၂၅မှတ်–၂၁မှတ်ဖြင့် အဖွဲ့ချုပ် လူငယ်အသင်းက အနိုင်ရရှိခဲ့သည်။

အဖွဲ့ချုပ် လူငယ်အသင်းမှာ စတုတ္ထပွဲငယ်အနိုင်ရလျှင် သုံးပွဲတစ်ပွဲဖြင့်အနိုင်ရရှိမည်ဖြစ်၍ ကြိုးစားကစားခဲ့သော်လည်း အေအိုင်အေအသင်းက အနိုင်ရရှိသွားခဲ့သည်။ အဖွဲ့ချုပ် လူငယ်အသင်းမှာ စိုးရိမ်စိတ်များနေပြီး မပေးသင့်သော အမှတ်အချို့ ပေးခဲ့ရသည်။ အေအိုင်အေအသင်းမှာ ရိုက်ခုတ်မှုပြတ်သားလာ၍ ဦးဆောင်မှတ်များရရှိခဲ့ပြီး ၂၅–မှတ် ၂၀မှတ်ဖြင့် ပွဲသိမ်းခဲ့ခြင်းဖြစ်သည်။

အဆုံးအဖြတ်ပွဲ

နှစ်သင်းစလုံး အနိုင်ရရှိရေးအတွက် နောက်ဆုံးပွဲငယ်ဖြစ်သည့် ပဥ္စမပွဲငယ်တွင် ပို၍ကြိုးစားကစားလာကြသည်။ ပွဲငယ်အစတွင် အဖွဲ့ချုပ်လူငယ်အသင်းက အနိုင်ရရှိရေး ပိုမိုအားထည့် ကစားလာချိန်တွင် အေအိုင်အေအသင်းက အတွဲမမိ ဖြစ်နေ၍ အဖွဲ့ချုပ်လူငယ်အသင်း အမှတ်ဆက်တိုက်ရရှိသွားရာ ရှစ်မှတ်–လေးမှတ် ဖြစ်သွားသည်။ ထို့နောက်ပိုင်းတွင်အေအိုင်အေအသင်း အတွဲပြန်မိလာ၍ အမှတ်များ ပြန်လည်ရယူနိုင်လာရာ ၁၀မှတ်–၁၀မှတ်ဖြစ်လာသည်။ သို့သော် အဖွဲ့ချုပ်လူငယ်အသင်းက ပွဲသိမ်းအမှတ်များ ဆက်တိုက် ရယူသွားနိုင်ရာ ၁၅မှတ်– ၁၂မှတ်ဖြင့် အဖွဲ့ချုပ်လူငယ်အသင်းက အနိုင်ရရှိသွားသည်။

ပါဝင်ကစား

အဖွဲ့ချုပ်လူငယ်အသင်းတွင် စံရွှေမောင်၊ ကျော်သူရ၊ မောင်မောင်ထွေး၊ ပြည့်ဖြိုးလှိုင်၊ ဇော်ဇော်နောင်၊ စိုင်းညီလေး၊ တင်မောင်ထွေး(လစ်ဗရို)တို့ ပါဝင်ကစားကြပြီး မြတ်ကျော်ထွန်း၊ ချမ်းငြိမ်းသူ၊ စည်သူထွန်း၊ အောင်ကြိုင်၊ သားအိုတို့ လူစားလဲဝင်ရောက်ကစားခဲ့ကြသည်။

ရဲရဲတင်းတင်းကစားခဲ့

လက်ရည်စမ်းပွဲအပြီးတွင် ကြေးမုံက ယနေ့ပွဲနှင့် ပတ်သက်၍ နှစ်ဖက်အသင်း နည်းပြချုပ်များအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ အဖွဲ့ချုပ် လူငယ်အသင်း နည်းပြချုပ် ဦးစောဟင်နရီက "မိမိတို့အသင်းအနေဖြင့် အရှေ့တောင်အာရှလူငယ်ပြိုင်ပွဲအတွက် လေ့ကျင့်လာသည်မှာ လေးလကျော်ရှိလာ၍ အသင်းမှာ တိုးတက်မှုရှိလာကြောင်း၊ ယနေ့ပွဲတွင် ကစားသမားများ စုစုစည်းစည်းဖြင့် ကြိုးကြိုးစားစား ကစားသွားနိုင်ကြောင်း၊ အရပ်အမောင်းကောင်းသည့် တစ်ဖက်အသင်းမှာ ပိတ်ဆို့ထားမှုကို ကလေးတွေ အမှတ်ရအောင် ရိုက်ခုတ်နိုင်ခဲ့ကြောင်း၊ ကလေးတွေအနေဖြင့် ယနေ့ပွဲသည် ပထမဦးဆုံး နိုင်ငံတကာပွဲဖြစ်သော်လည်း ရဲရဲတင်းတင်း ကစားခဲ့ကြောင်း၊ ယခုလို ကစားခွင့်ရသည့်အတွက် ကလေးတွေ အတွေ့အကြုံသစ်များ ရရှိလာပါကြောင်း၊ ကစားသမားများအားလုံး အတွေ့အကြုံရရှိအောင် လူစားလဲကစားခဲ့ကြောင်း၊ အေအိုင်အေအသင်းမှာ အရပ်အမောင်းကောင်း၍ ကစားရတာ ခက်ခဲပါကြောင်း၊ မိမိအနေဖြင့် အသင်းကို အားနည်းချက်များ ပြုပြင်ပြီး ပြိုင်ပွဲတွင် အကောင်းဆုံး အနေအထား ရောက်ရှိအောင် ပြင်ဆင်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

မြန်မာနိုင်ငံ၌ လာရောက်ကစားခွင့်ရ၍ ပျော်ရွှင်မိကြောင်း ပြောကြားသွားသူ အေအိုင်အေ နည်းပြချုပ် Mr. Calvin Wigston။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ကစားခွင့်ရ၍ပျော်ရွှင်

အေအိုင်အေအသင်းနည်းပြချုပ် Mr. Calvin Wigston က ပြောကြားရာတွင် "ယနေ့ပွဲမှာ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ကြောင်း၊ အဖွဲ့ချုပ် လူငယ်အသင်း ကစားပုံ ကောင်းကြောင်း၊ အသက်အရွယ်ငယ်ရွယ်ကြပြီး နိုင်ငံတကာ အတွေ့အကြုံနည်းသည်ဟုထင်ကြောင်း။ သို့သော် နားလည်မှုရှိရှိဖြင့် အတွဲမိမိဖြင့် ကစားခဲ့နိုင်ကြောင်း၊ အဖွဲ့ချုပ် လူငယ်အသင်းမှာခုခံ၊ ဆယ်မမှု ကောင်းသော်လည်း ရိုက်ခုတ်ရာ၌ အားပျော့နေသေးကြောင်း၊ မိမိတို့အသင်းအနေဖြင့် လက်ရည်စမ်းပွဲနှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့သော်လည်း မြန်မာနိုင်ငံ၌ လာရောက်ကစားခွင့်ရသည့်အတွက် ပျော်ရွှင်မိပါကြောင်း" ပြောကြားသွားသည်။

(ကြေးမုံ)

လက်ရည်စမ်းပွဲအပြီး မြန်မာ–ကနေဒါ ဘော်လီဘောကစားသမားများအား တွေ့ရစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံအား ဂျပန်သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံအား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yuji Miyamoto သည် ယနေ့ ညနေ ၃နာရီခွဲတွင် ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ တွေ့ဆုံရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အေး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူးဦးမင်းလှအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက် ကြသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် ရှစ်မိုင် မစိုးရိမ်ရွှေကျောင်းတိုက်သစ်၌ ဝါဆိုဝါကပ်တော်မူကြမည့် စာချ၊ စာသင် သံဃာတော်တို့အား စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဩဂုတ် ၈ရက်က မစိုးရိမ်ရွှေကျောင်းတိုက်သစ်(ရှစ်မိုင်)တွင် ကျင်းပရာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဉာဏာလင်္ကာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်ကြီးထံ အကျိုးတော်ဆောင်များ ဝါဆိုသင်္ကန်းဆက်ကပ်ကြစဉ်။ (က–ပ)

သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီတော် အရှေ့ဘက်ရှိ သုမင်္ဂလာရာမ လယ်တီဝိပဿနာ ကျောင်းတိုက်၏ မူလပဓာန နာယက ဆရာတော်ကြီးအားရည်စူး၍ အဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ယောဂီများအား ဝတ်စုံလှူဒါန်းပွဲကို ဇူလိုင် ၃၁ရက်က ကျောင်းတိုက်ကြီး၌ကျင်းပရာ ဆရာတော် ဘဒ္ဒန္တ အာသဘ အမှူးပြုသော သံဃာတော်များအား ဒါယကာ၊ ဒါယိကာမများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းဆက်ကပ်ကြစဉ်။(က–ပ)

ချေးငွေလုပ်ငန်းများဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ချေးငွေလုပ်ငန်းများဆိုင်ရာ သင်တန်း(ကြီးကြပ်ဝန်ထမ်းများ)အမှတ်စဉ်(၁/၂၀၀၄)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းက အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၄၄ဦးတို့ တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာ မြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၆–၈–၂၀၀၄)

မော်လမြိုင်	–	၅ ဒသမ ၅၉ လက်မ
မအူပင်	–	၄ ဒသမ ၅၃ လက်မ
မုဒုံ	–	၄ ဒသမ ၂၉ လက်မ
ပုသိမ်	–	၂ ဒသမ ၆၄ လက်မ
ဘားအံ	–	၂ ဒသမ ၄၈ လက်မ

သံလွင်၊ စစ်တောင်းနှင့် ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်အထက်တွင်ဆက်လက်တည်ရှိ

ရန်ကုန် ဩဂုတ် ၁၆

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၉၈စင်တီမီတာ(သုံးပေခန့်) စိုးရိမ်ရေမှတ်အထက်တွင်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်ငါးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၁၁စင်တီမီတာ (ပေဝက်ခန့်)နှင့် မဒေါက်မြို့တွင် ၁၅၉စင်တီမီတာ (ငါးပေခန့်) စိုးရိမ်ရေမှတ်များအထက်တွင်ရှိနေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်များ အထက်တွင်ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၅၂စင်တီမီတာ (နှစ်ပေခန့်)စိုးရိမ်ရေမှတ်အထက်တွင်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဝါတွင်းတရားစခန်း

ရန်ကုန် ဩဂုတ် ၁၆

မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက်မင်းချောင်းလမ်း သစ္စာဒီပဝိပဿနာအဖွဲ့ချုပ် ဓမ္မာရုံကြီးတွင် (၅၈)ကြိမ်မြောက် ဝါတွင်း ခုနစ်ရက် တရားစခန်းပွဲကို ကမ္မဋ္ဌာနာစရိယ ဆရာကြီး(ဦးကြည်)၏ ဥပနိဿယအတိုင်း ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို တရားဟော ဓမ္မကထိကများက ဩဂုတ် ၂၁ရက်မှ ၂၇ရက်အထိဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများအနေဖြင့် သစ္စာဒီပဝိပဿနာ အဖွဲ့ချုပ်နာယက ဦးသန်းမြင့် ဖုန်း–၆၆၀၀၀၆နှင့် ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း–၂၄၇၀၂၇တို့ထံ စာရင်းပေးသွင်းနိုင်ပြီး ဩဂုတ်လ ၂၀ရက် ညနေ ၅နာရီအရောက် စခန်းဝင်နိုင်ကြောင်း သိရသည်။

(က–ပ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၃၃၈)၊
မဟာဗန္ဓုလပန်းခြံလမ်းနေ
ဦးလှစိန်(အမိန့်ရအပေါင်ဆိုင်)–ဒေါ်ညွှန့်ရင်တို့၏ သားထွေး
မောင်ဝင်းစိုး B.Sc (Maths) နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ခြံအမှတ် (၂၅)(B-5)၊
တက္ကသိုလ်ရိပ်သာလမ်းသစ်နေ
ဦးစိုင်းအိုက်ပေါင်း(စိန်မေတ္တာမွန်ဆားစက်)–ဒေါ်နန်းစိန်တို့၏
တစ်ဦးတည်းသောသမီးငယ်
မနန်းအွမ်ခမ်း B.A (Eco)
တို့သည် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်၌ ၁၅–၈–၂၀၀၄ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းစိုး–မနန်းအွမ်ခမ်း။

USA ETS GMAT
Intensive Preparation Course
Timetable : Tue+Wed+Thur (10:30-12:30p.m.)
Duration : Up to October 23rd Exam
MENTOR BMC

ဒေါက်တာခင်မောင်ညွန့်
ကျွန်တော်မြန်မာပြည်သား

ဖခင်အမည်မှန်

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ အထက–၂၊ ဒသမတန်း(E)မှ မောင်သော်ဟိန်းကို၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်လွင် [၁၂/ဥကတ(နိုင်)၀၅၅၁၄]ဖြစ်ပါကြောင်း။

စော်ဝင်
Hiace, Mene Bus, Saloon, Van, Publica
☎ 380183, 380821

ကြဖြူး
ထွက်ပြီ

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါကပြန်လည်ပို့ပေးရန်။

ဦးမျိုးဝေ
အမှတ်–၆၂၉/၆၃၁၊ အခန်း(၂၀၂)၊
နိဗ္ဗာန်လမ်း၊မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Ph. 203394.

ရန်ကုန်မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်ရေး တိုင်းမှူးနှင့် မြို့တော်ဝန် ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဩဂုတ်၁၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ပြည်သူများစုပေါင်း၍ ခရိုင်၊မြို့နယ်နှင့် ရပ်ကွက်များအလိုက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ၊ ဆယ်ယူခြင်း၊ တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် သစ္စာလမ်းဆုံ ဥက္ကလာပမြို့ဦးစေတီအနီးသို့ ရောက်ရှိလာသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် သစ္စာလမ်း တစ်လျှောက်ကိုလည်းကောင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်ကိုလည်းကောင်း၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းနှင့်စည်ပင်လမ်းဆုံ၌လည်းကောင်း၊ သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်ရှိ မင်းနန္ဒာလမ်းတစ်လျှောက်လမ်းဘေးဝဲ/ယာတို့ကိုလည်းကောင်း၊သာကေတမြို့နယ် အမှတ်(၃)ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရန်တို့ကိုလည်းကောင်း၊ ဒဂုံမြို့နယ် နဝရတ်ရိပ်သာ အိမ်ရာစခန်းဝင်းအတွင်း၌ တပ်မတော်သားများက အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ တာဝန်ရှိသူများအား ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရေး မှာကြားပြီး လိုအပ်သည်များဖြည့်ဆည်းပေးသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများကို ယနေ့နံက်ပိုင်းတွင် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အားလုံးတို့အပြင် ရန်ကုန်တပ်နယ်အတွင်းရှိ အိမ်ရာစခန်း ၁၁ ခုနှင့် မင်္ဂလာဒုံတပ်နယ်အတွင်းရှိ အိမ်ရာစခန်းလေးခုတို့၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်သည်။

(သတင်းစဉ်)

ဇူလိုင် ၂၉ ရက်က ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)အား ရည်စူး၍ တိုက်အမှတ်(ဂ) ရောဝဏ်ရိပ်သာ၊ အမှတ်(၁)ရပ်ကွက် သာကေတမြို့နယ်နေ ဒေါ်သန်းသန်းအေး မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၆

ဘဒ္ဒန္တ ဣန္ဒိဝံသ (ပခုက္ကူ သဲတော) ဗုဒ္ဓသာသနာပြု နယ်လှည့် ဓမ္မကထိက ဆရာတော်သည် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ရန်ကုန်တိုင်း တာမွေမြို့နယ် ကျားကွက်သစ် (စံပြ) ရပ်ကွက် သာသနဟိတ ဓမ္မာရုံတွင် ဩဂုတ် ၂၁ ရက်နှင့် ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်း၊ မာရာရိဇယ ရန်မျိုးအောင် ဓမ္မာရုံတွင် ဩဂုတ်၂၃ ရက်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်သိရသည်။

(က-ပ)

ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဩဂုတ် ၁၆

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၇ရက် (ဩဂုတ်၂၂ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဘုရားကြီးဝင်းရှိ ဘိုကလေးမြို့နယ်အသင်း သိမ်ကျောင်းဓမ္မာရုံကြီးတွင် စုပေါင်းကျင်းပမည်ဖြစ်သည်။ ဝါဆိုသင်္ကန်းကပ်လှူပွဲအတွက် သင်္ကန်း၊ ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဦးတင့်ဇော်(ဥက္ကဋ္ဌ) ဖုန်း- ၂၉၁၃၃၈၊ ဦးတင်မောင်မြင့် (အတွင်းရေးမှူး) ဖုန်း-၇၀၉၁၈၄၊ ဒေါ်မြင့်မြင့်စိန် (ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၃၇၂၄နှင့် ရုံးဖုန်း-၂၁၂၅၀၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မန္တလေးတိုင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော်ရေးဝန်ကြီးဦးအောင်သောင်း မှာကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်း မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ်များမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားစဉ်။ (စက်မှု-၁)

ရန်ကုန် ဩဂုတ် ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းသည် ဩဂုတ် ၁၄ ရက်တွင် မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ်များရှိ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ အသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များက မိမိတို့ရပ်ရွာဒေသများ၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း တင်ပြကြရာ ဗဟိုအသင်းအတွင်းရေးမှူးဦးအောင်သောင်းက ကျေးလက်ဒေသများ၌ ဆက်လက်ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

တွေ့ဆုံ

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ (စည်ပင်ပြင်ပ)ဖြစ်သည့် ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်၊ ညောင်ဦးခရိုင်၊ ပြင်ဦးလွင်ခရိုင်နှင့် ရမည်းသင်းခရိုင်တို့မှ စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်ပြင်ပ)ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးကြည်သိန်းက လုပ်ငန်းကဏ္ဍ ငါးရပ် ဆောင်ရွက်နိုင်မှု အခြေအနေများကိုတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် ဝန်ကြီးဦးအောင်သောင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်အလိုက် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် မန္တလေး ဘီယာစက်ရုံ ကနောင်ခန်းမ၌ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့အတွင်းရှိ စက်ရုံမှူးများနှင့် တွေ့ဆုံသည်။

မှာကြား

ရှေးဦးစွာ စက်ရုံမှူးအသီးသီးက မိမိတို့စက်ရုံများ၏ ကုန်ထုတ်လုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးအောင်သောင်းသည် ဩဂုတ်၁၄ရက် နံနက် ၇နာရီတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ တည်ဆောက်ပြီး မန္တလေးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအသင်း အတွင်းရေးမှူး ဦးအောင်သောင်းသည် အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ပြည်သူများနှင့်တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး၊ မိမိမြို့ရွာ၊ရပ်ကွက် အကျိုးပြုလုပ်ငန်းများ၊ ဆောင်ရွက်ရေးကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

သူနာပြုများအတွက် ဆေးပညာနှီးနှောဖလှယ်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံ သူနာပြုအသင်း (ဗဟို) နှင့် Mo ASIA,Co Ltd.(Dumex) တို့ ပူးပေါင်းကျင်းပသည့် သူနာပြုများအတွက် ဆေးပညာနှီးနှောဖလှယ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက်၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ သူနာပြုအသင်း (ဗဟို) ဥက္ကဋ္ဌ ဒေါ်အီးဘာဘရီနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ သူနာပြုအသင်းဝင်များ၊ ဆေးရုံကြီးများနှင့်ဒေသန္တရကျန်းမာရေးဌာနများမှ သူနာပြုဆရာမများ၊ ပုဂ္ဂလိကဆေးကုသခန်းအသီးသီးမှ သူနာပြုဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်အီးဘာဘရီက အမှာစကားပြောကြားပြီး Mo ASIA, Co Ltd. (Dumex) က မြန်မာနိုင်ငံသူနာပြုအသင်း (ဗဟို)သို့ ငွေကျပ် နှစ်သိန်းပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ သူနာပြုအသင်း (ဗဟို) ဥက္ကဋ္ဌ ဒေါ်အီးဘာဘရီက လက်ခံယူသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ သူနာပြုအသင်း (ဗဟို)အမှုဆောင် တပ်မတော်သူနာပြုတက္ကသိုလ်ကထိက(အငြိမ်းစား) ဗိုလ်မှူးဒေါ်သန်းအေးက Health and Nutrition Support for Dysfunetional Family အကြောင်းကိုလည်းကောင်း၊ သူနာပြုတက္ကသိုလ် (ရန်ကုန်)စိတ်ကျန်းမာရေးဌာနကထိက ဌာနမှူး ဒေါ်ရင်မြက HealthMother Healthy Infant အကြောင်းကို လည်းကောင်း၊ Mo ASIA Co., Ltd. (Dumex)မှ အာဟာရမန်နေဂျာ ဒေါက်တာဗျူတီကြည်က The Smart fats အကြောင်းကိုလည်းကောင်း အသီးသီး ရှင်းလင်း ပြောကြားကြသည်။ (သတင်းစဉ်)



မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မူဆယ် ဩဂုတ် ၇

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို မူဆယ်မြို့ ငွေဆင်အိမ်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဆင်းရွှေလီခန်းမ ဝန်းကျင်၌ ဇူလိုင် ၁ ရက်က ကျင်းပသည်။

စိုက်ပျိုး

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းခိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်အောင်လွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦးနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၀၀ ကျော် စုပေါင်း၍ တပျော်တပါး သစ်ပင်စိုက်ပျိုးကြသည်။ **(အပေါ်ယာပုံ)**

(မြို့နယ်စည်ပင်)

တရားတော်များ ဟောကြားမည်

မော်လမြိုင် ဩဂုတ် ၁၂

မော်လမြိုင်မြို့ သာယာအေးရပ် ပျော်ဘွယ်ကျောင်း စာသင်တိုက်တွင် ဩဂုတ် ၂၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် နယ်လှည့် ဓမ္မကထိက မော်လမြိုင် တောင်ဝိုင်း ဓမ္မရက္ခိတ ဆရာတော် ချင်းတွင်း အရှင်ကလျာဏ က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တိုက်ရိုက် မျိုးစေ့ချပြိုင်ပွဲ ကျင်းပ

ပင်းတယ ဇူလိုင် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့နယ် မြို့နယ်အဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်မျိုးစေ့ချပြိုင်ပွဲနှင့် လယ်ယာ(၁၆) လက်တွန်းထွန်စက် သရုပ်ပြပွဲကို ဇူလိုင် ၅ရက် နံနက် ၉ နာရီခွဲက ပင်ပျော်ကျေးရွာအုပ်စု ရောက်ချိုကျေးရွာ လယ်သမားကြီး ဦးလှသန်း လယ်ကွက်၌ ပြုလုပ်သည်။

သရုပ်ပြပွဲ

အစီအစဉ်အရ တောင်ကြီးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်တင်က အမှာစကားပြောကြားပြီး ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်မျိုးစေ့ချပြိုင်ပွဲနှင့် လယ်ယာ(၁၆) လက်တွန်းထွန်စက် သရုပ်ပြပွဲကို ဆက်လက်ကျင်းပသည်။

ထို့နောက် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ပထမဆုရ ပင်ပျော်အုပ်စု၊ တိုက်ရိုက်မျိုးစေ့ချပြိုင်ပွဲ ပထမဆုရ မိုင်းလီကျေးရွာအုပ်စုတို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

(မြို့နယ်ပြန်/ဆက်)

လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး ရွှေဘိုမြို့နယ်၌ ဆင့်ပွားသင်တန်းဖွင့်

ရွှေဘို ဩဂုတ် ၇

ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး ဆင့်ပွားသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၈ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းမှာကြား

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်က အမှာစကားပြောကြားကာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းမှာကြားသည်။

အခမ်းအနားသို့ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်ရှစ်မြို့နယ်မှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ သင်တန်းနည်းပြများနှင့်သင်တန်းသား၊သင်တန်းသူ ၁၁၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဟု သိရသည်။

(ခရိုင်ပြန်/ဆက်)

မင်းကျောင်းဆရာတော်ကြီး ဝိဇာတမွေးနေ့အလှူတရားပွဲ

ဖျာပုံ ဩဂုတ် ၁၂

ဖျာပုံမြို့ မဟာပညာရာမတိုက်ကြီး၏ ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ သက်တော်ရှည် မင်းကျောင်း ဆရာတော်ကြီး၏ (၈၃)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူပွဲ၌ သာကေတမြို့ အောင်စကြာ အရှင်စန္ဒသိရီက ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက် ညများတွင် ဖျာပုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

မော်လမြိုင်ကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက စစ္စလီထုံးကျေးရွာ အလယ်တန်းကျောင်း ကျောင်းသူ၊ ကျောင်းသားများအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲကိုဩဂုတ် ၈ ရက်က စစ္စလီထုံး အလယ်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်အေးအေးယုက ကျေးရွာဥက္ကဋ္ဌ ဦးစောလွယ်ထူးထံ ထောက်ပံ့ငွေ ပေးအပ်စဉ်။

(၃၆၄)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နေ့ လုပ်ရှားမှု အထိမ်းအမှတ်ဟောပြောပွဲကို ဩဂုတ် ၄ ရက်က ဧရာဝတီတိုင်း ပုသိမ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးရှိ သားဖွားနှင့် မီးယပ်ကုသဆောင်တွင် ကျင်းပရာ ဆေးရုံအုပ်ဆရာဝန်ကြီး ဒေါက်တာ ဦးခင်မောင်တင် ဟောပြောစဉ်။

(၁၆၅)

မြို့နယ် သတင်းများ

နောင်ချိုမြို့နယ်တွင် သစ်ပင်စိုက်ပျိုး

နောင်ချို ဩဂုတ် ၈

